# သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့

## (Thayninga Institute for Strategic Studies – TISS)

## နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ

## သတင်းအချက်အလက် ကောက်နုတ်ချက်

အမှတ် (၄)၊ ဧပြီလ ၂၀၂၂ ခုနှစ်

(သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)

# ၂၀၂၂ ဧပြီလအတွက် နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်

## နိဒါန်း

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့ (Thayninga Institute for Strategic Studies – TISS) ကို ၂၀၁၅ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့ပြီး ကာကွယ်ရေး၊ လုံခြုံရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ကဏ္ဍများတွင် လေ့လာဆန်းစစ်သုတေသနပြုသွားရန် ရည်ရွယ်ခဲ့ပါသည်။ သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရနှင့် မြန်မာ့တပ်မတော်အတွက် အထောက်အကူဖြစ်စေမည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အရပ်ဘက်သုတေသနအဖွဲ့အစည်း တစ်ရပ်အဖြစ် ရပ်တည်လုပ်ဆောင်သွားရန် ဖြစ်ပါသည်။

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့၏ ဆောင်ပုဒ်မှာ Knowledge, Strategy & Union (ဗဟုသုတ၊ မဟာဗျူဟာ နှင့် ပြည်ထောင်စု) ဖြစ်ပြီး ဗဟုသုတရှာမှီးခြင်းမှသည် မဟာဗျူဟာမြောက် ဝေဖန်ဆန်းစစ်ခြင်းသို့ တက်လှမ်းနိုင်ကြပြီးလျှင် ပြည်ထောင်စုကြီးတစ်ရပ်လုံး တည်မြဲခိုင်မာ အင်အားတောင့်တင်းနေစေရန် ရည်သန် အားထုတ်မည်ဟူသော အဓိပ္ပာယ်ဖြစ်သည်။

ယနေ့ခေတ် မျက်မှောက်ကာလတွင် တိုင်းပြည်နိုင်ငံအများစုသည် သက်ဆိုင်ရာနိုင်ငံအလိုက် အမျိုးသားအကျိုးစီးပွား (National Interest) ကို အဓိကအလေးထား ဖော်ဆောင်နေကြသည်ဖြစ်ရာ မြန်မာနိုင်ငံအနေနှင့်လည်း နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်နိုင်ပါစေဟု သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့မှ ဆန္ဒပြုဆုမွန်ခြွေအပ်ပါသည်။

## ၂၀၂၂ ခုနှစ်၊ ဧပြီလအတွင်း သတင်းကောက်နုတ်ချက် ရက်စွဲမှတ်တမ်းများ

သေနင်္ဂ မဟာဗျူဟာလေ့လာရေးအဖွဲ့အနေဖြင့် မြန်မာနိုင်ငံအတွက် ၂၀၂၂ ခုနှစ် ဧပြီလ အတွင်း ဖြစ်ပေါ်ခဲ့သည့် နိုင်ငံတကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းအချက်အလက် ကောက်နုတ်ချက်များကို အများပြည်သူ လေ့လာသိရှိနိုင်ရန် စုစည်းဖော်ပြပါသည်။

| | | |
|---|---|---|
| ၁။ | ၁-၄-၂၀၂၂ | တရုတ်အစိုးရသည် ရုရှားနှင့်ဆက်ဆံရေး တိုးမြင့်နေမှု၊ ယူကရိန်းပဋိပက္ခတွင် ရုရှားကို ရှုတ်ချရန် တွန့်ဆုတ်နေမှုများနှင့်ပတ်သက်ပြီး သတိပေးနှိုးဆော်မှု မြင့်တက်နေချိန်တွင် ဥရောပသမဂ္ဂသည် တရုတ်နှင့် အွန်လိုင်းမှ အစည်းအဝေး ပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် သမ္မတရှီကျင်းပင်သည် ဥရောပသမဂ္ဂ ခေါင်းဆောင်များဖြစ်သည့် ချားလ်စ်မိုက်ကယ်၊ အာဆူလာ ဗွန်ဒါလီယန်တို့နှင့် ဆွေးနွေးခဲ့သည်။ ဆွေးနွေးမှုတွင် ရုရှားအပေါ် ဖိအားပေးရန်၊ လိုအပ်သည့် ဩဇာလွှမ်းမိုးမှုများ အားလုံးကို အသုံးပြုရန်၊ နိုင်ငံတကာဥပဒေ၏ မူဝါဒများဘက်မှ ရပ်တည်ရန် တရုတ်ကို တိုက်တွန်းခဲ့သည်ဟု ဥရောပသမဂ္ဂ၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ယူထားသည့် ပြင်သစ်နိုင်ငံ၏ ဥရောပရေးရာဝန်ကြီး ကလီးမန့်ဘွန်က ပြောဆိုသည်။ |
| | | စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာတွင် လူထုအကြား မကျေနပ်ချက်များ မြင့်တက်ခဲ့ပြီး မတ် (၃၁) ရက် ညပိုင်းက ဒေါသထွက်နေကြသည့် ရာနှင့်ချီသော ဆန္ဒပြသူများသည် သမ္မတအိမ်တော်ကို ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည်။ ထို့နောက် မြို့တော်ကိုလံဘိုတွင် လုံခြုံရေးများကို တင်းကျပ်စွာချထားခဲ့သည်။ ဆန္ဒပြသူများသည် စစ်ဘက်သုံး ဘတ်စ်ကားနှစ်စီးနှင့် ရဲကားတစ်စီးကို မီးရှို့ဖျက်ဆီးခဲ့ပြီး ရဲအရာရှိများကို အုတ်ခဲများဖြင့်ပစ်ပေါက်ကာ မြို့တော်အတွင်းသို့ ဝင်ရောက်သည့် အဓိကလမ်းမကြီးကို ပိတ်ဆို့ခဲ့သည်။ လမ်းများပေါ်တွင် တာယာများကို မီးရှို့ခဲ့ကြသည်။ ဆန္ဒပြမှုများအတွင်း လူတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ရဲအရာရှိ ငါးဦးဒဏ်ရာရရှိခဲ့ကာ ဆန္ဒပြသူ ၄၅ ဦးခန့် ဖမ်းဆီးခဲ့သည်။ ထိုသို့သောအခြေအနေများကြောင့် သမ္မတ ရာဂျာပက်ဆာက အရေးပေါ် အခြေအနေ ကြေညာခဲ့သည်။ |
| | | ယူကရိန်းရဟတ်ယာဉ်များသည် ရုရှားအနောက်ပိုင်းမြို့ ဘယ်ဂိုရော့ဒ်ရှိ ရေနံသိုလှောင်ကန်ကို လေကြောင်းမှ တိုက်ခိုက်ခဲ့သည်ဟု ဒေသန္တရအုပ်ချုပ်ရေးမှူးက ပြောကြားခဲ့သည်။ "ရုရှားပိုင်နက်ထဲကို ခပ်နိမ့်နိမ့်ပျံသန်း ဝင်ရောက်လာတဲ့ ယူကရိန်း ရဟတ်ယာဉ်နှစ်စင်းက လုပ်ဆောင်ခဲ့တဲ့ ဝေဟင်စစ်ဆင်ရေးကြောင့် ရေနံလှောင်ကန်မှာ မီးလောင်နေပါတယ်" ဟု အုပ်ချုပ်ရေးမှူး ဗာချီဆလပ်ဂလဒ်ကော့ဗ်က ပြောဆိုသည်။ မီးလောင်မှုကြောင့် ရေနံလှောင်ကန်ရှိ ဝန်ထမ်းနှစ်ဦး ဒဏ်ရာရခဲ့ပြီး မီးသတ်သမား ၁၇၀ ခန့်က မီးငြိမ်းရန် ကြိုးစားခဲ့သည်။ |
| | | ရုရှားခေါင်းဆောင် ဗလာဒီမာပူတင်သည် သီးခြားနေထိုင်ပုံရပြီး ၎င်း၏ အကြံပေးအချို့ကိုလည်း နေအိမ်အကျယ်ချုပ် ချထားနိုင်သည်ဟု မတ်လ (၃၁) ရက်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားသည်။ |
| ၂။ | ၂-၄-၂၀၂၂ | မြောက်ကိုရီးယားသည် နိုင်ငံရေးအရ ဖိအားပေးမှုများကို တိုးမြှင့်ရန်နှင့် ၎င်း၏ လက်နက်အင်အားကို မြှင့်တင်ရန် ကြိုးပမ်းသည့်အနေဖြင့် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် နျူကလီးယားလက်နက်တစ်ခုကို မကြာမီစမ်းသပ်ဖွယ်ရှိသည့် လက္ခဏာများ တွေ့ရသည်ဟု အမေရိကန်၊ တောင်ကိုရီးယားအရာရှိများနှင့် ကျွမ်းကျင်သူများက ပြောကြားသည်။ မြောက်ကိုရီးယား၏ ဟန်ဂီရီနျူကလီးယား စက်ရုံအနီးတွင် လှုပ်ရှားမှုများအပါအဝင် စမ်းသပ်မှုတစ်ခုခု လုပ်ဆောင်ရန် ပြင်ဆင်နေသည့် လက္ခဏာများကို တွေ့ရသော်လည်း စမ်းသပ်မှုပြုလုပ်မည့် အချိန်အတိအကျကို ရှင်းလင်းတိကျစွာ မသိရသေးကြောင်း အမေရိကန်အရာရှိနှစ်ဦးက ရိုက်တာသတင်းဌာနကို ပြောကြားခဲ့သည်။ |
| | | စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသည့် သီရိလင်္ကာနိုင်ငံတွင် သမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာသည် ၎င်းအားရာ ထူးမှနုတ်ထွက်ရန် ဆန္ဒပြသူများက တောင်း |

| | | |
|---|---|---|
| | | ဆိုနေချိန်၌ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေကြေညာခဲ့ပြီး စစ်သားများကို ဖြန့်ကြက်ချထားကာ သံသယရှိသူများကို ဖမ်းဆီးထိန်းသိမ်းခွင့်အာဏာ ပေးအပ်ခဲ့သည်။ |
| | | ယူကရိန်းတွင် ရုရှားက ဓာတုလက်နက် (သို့မဟုတ်) ဇီဝလက်နက်များ ဖြန့်ကြက်လာမည်ဆိုပါက အမေရိကန်အနေဖြင့် ယူကရိန်းအား ကာကွယ်ရေးပစ္စည်း ကိရိယာများနှင့် အထောက်အပံ့များ ပေးအပ်သွားမည်ဟု အိမ်ဖြူတော်က ဧပြီလ (၁) ရက်တွင် ပြောကြားခဲ့သည်။ ရုရှားအနေဖြင့် ယင်းကဲ့သို့ လက်နက်များဖြင့် တိုက်ခိုက်မှုမျိုးကို လုပ်ဆောင်ရန် ပြင်ဆင်နေသည်နှင့်ပတ်သက်၍ အိမ်ဖြူတော်က အထောက်အထား ပြသခဲ့ခြင်း မရှိပေ။ |
| ၃။ | ၃ - ၄ - ၂၀၂၂ | ကီယက်ဗ်မြို့တော်အနီးတွင် လူသေအလောင်း အများအပြားကို တွေ့ရှိခဲ့ပြီးနောက် ယူကရိန်းသမ္မတ ဗိုလိုဒီမာဇလန်းစကီးက ရုရှားတပ်များကို “လူသတ်သမားများ၊ ညှင်းပန်းနှိပ်စက်သူများ၊ မုဒိမ်းကောင်များ၊ လုယက်သူများ” အဖြစ် ပြစ်တင်ပြောဆိုသည်။ ကီယက်ဗ် အနောက်မြောက်ဘက်ရှိ ဘူချာနှင့် အခြားနေရာတို့တွင် အရပ်သားများ အသတ်ခံထားရခြင်းနှင့်သက်ဆိုင်သည့် သတင်းများကို ထိတ်လန့်မိကြောင်း အနောက်နိုင်ငံ ခေါင်းဆောင်များ၊ နေတိုးအဖွဲ့နှင့် ကုလသမဂ္ဂတို့က အသီးသီးထုတ်ဖော် ပြောကြားကာ ရုရှား၏ လုပ်ရပ်များကို ရှုတ်ချခဲ့သည်။ |
| | | ယူကရိန်း၏မြို့တော် ကီယက်ဗ်နှင့် ချာနီဂစ်ဗ်မြို့မှ ရုရှားစစ်သားများပြန်လည် ဆုတ်ခွာသွားမှုနှင့်အတူ ကီယက်ဗ်ဒေသတစ်ခုလုံးကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း ယူကရိန်းဖက်မှ ပြောကြားခဲ့သည်။ |
| ၄။ | ၄ - ၄ - ၂၀၂၂ | တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့ရှိ လူဦးရေ ၂၆ သန်းကို ကိုဗစ်ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနိုင်ရန် ထောင်နှင့်ချီသည့် စစ်ဘက်တပ်ဖွဲ့ဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများကို တရုတ်အစိုးရက စေလွှတ်ခဲ့သည်။ ယင်းသည် အကြီးမားဆုံး ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်ချက်တစ်ခု ဖြစ်သည်။ |
| | | အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မြို့တော် စခရမ်မန်တိုမြို့တွင်း သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၆ ဦးသေဆုံးပြီး အနည်းဆုံး လူ ၉ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ဧပြီလ (၃) ရက်တွင် ပြောကြားခဲ့သည်။ အခင်းဖြစ်ပွားမှု အနေထားသည် ရှုပ်ထွေးနေဆဲဖြစ်ကြောင်းနှင့် စားသောက်ဆိုင်များ၊ အရက်ဘား အ များအပြား ရှိနေသည့် နေရာဖြစ်ပြီး လတ်တလောတွင် ယင်းနေရာကို မသွားကြရန် ဒေသခံများကို ပန်ကြားထားသည်။ |
| | | သီရိလင်္ကာနိုင်ငံတွင် သမ္မတ Gotabaya Rajapaksa နှင့် ၎င်း၏ အစ်ကိုဝန်ကြီးချုပ် Mahinda Rajapaksa မှအပ အစိုးရအဖွဲ့ဝင် ဝန်ကြီး ၂၆ ဦးသည် ရာထူးမှနုတ်ထွက်စာ တင်သွင်းခဲ့သည်။ |
| | | ရုရှားတပ်များ ကျူးကျော်တိုက်ခိုက်နေသည့် ယူကရိန်းနိုင်ငံ အနောက်မြောက်ပိုင်း Bucha မြို့ငယ်တွင် အရပ်သားများ သေဆုံးရမှုသည် အလွန်ထိတ်လန့် တုန်လှုပ်ရကြောင်းနှင့် ဒီဖြစ်ရပ်နှင့်ပတ်သက်ပြီး ထိရောက်သည့် တာဝန်ခံတာဝန်ယူမှု ရှိစေရေး သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုလုပ်ဆောင်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterres က တောင်းဆိုသည်။ |
| ၅။ | ၅ - ၄ - ၂၀၂၂ | ဒိန်းမတ်နိုင်ငံတွင် သံတမန်အဖြစ် စာရင်းသွင်းထားသည့် ရုရှားထောက်လှမ်းရေး အရာရှိ ၁၅ ဦးအား သူလျှိုလုပ်သည်ဟု ပြောဆိုကာ ၁၄ ရက်အတွင်း ထွက်ခွာပေးရမည်ဖြစ်ကြောင်း ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ "နှင်ထုတ်ခံရသည့် |

| | | |
|---|---|---|
| | | ထောက်လှမ်းရေးအရာရှိ ၁၅ ယောက်ဟာ ဒိန်းမတ်နိုင်ငံထဲမှာ သူလျှိုလုပ်ခဲ့တယ်ဆိုတာ ကျနော်တို့မှာ အထောက်အထားတွေ ရှိတယ်။" ဟု ဒိန်းမတ် နိုင်ငံခြားရေးဝန်ကြီး Jeppe Kofod က ပါလီမန်အစည်းအဝေးအပြီး သတင်းထောက်များကို ပြောဆိုခဲ့သည်။ |
| | | ယူကရိန်းနိုင်ငံအတွင်း ရုရှားတပ်ဖွဲ့များ၏ ရက်စက်သည့်လုပ်ရပ်များသည် စစ်ရာဇဝတ်မှုမြောက်ပြီး ထိုက်သင့်သည့်အရေးယူမှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan က အိမ်ဖြူတော်၏ သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုသည်။ |
| | | ရုရှားသမ္မတ Vladimir Putin သည် စစ်ရာဇဝတ်မှုမြောက်သည့် တရားစီရင်မှုဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ Joe Biden ပြောဆိုခဲ့ပြီး တစ်ရက်အကြာတွင် ယူကရိန်းတွင် အရပ်သားများ သတ်ဖြတ်ခံရမှုနှင့်ပတ်သတ်ပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆွေးနွေးကြမည်ဖြစ်သည်။ အစည်းအဝေးတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Antonio Guterres နှင့် ကုလသမဂ္ဂလူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကြီးအကဲ Martin Griffiths တို့၏ တင်ပြချက်များအပြင် ယူကရိန်းသမ္မတ Volodymyr Zelenskyy ကလည်း မိန့်ခွန်းပြောဆိုမည်ဖြစ်သည်။ |
| | | သီရိလင်္ကာအစိုးရအဖွဲ့ဝင် ဝန်ကြီးအားလုံး နှုတ်ထွက်သွားပြီးနောက်တွင် အတိုက်အခံများနှင့် အာဏာခွဲဝေ အုပ်ချုပ်သွားမည်ဖြစ်ကြောင်း သမ္မတ Gotabaya Rajapaksa က ကမ်းလှမ်းခဲ့သည်။ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် သီရိလင်္ကာပါလီမန်က အစည်းအဝေးကျင်းပခဲ့သည်။ |
| | | လေထုသန့်ရှင်းမှုဆိုင်ရာ စည်းမျည်းများချမှတ်အပြီး ၆ လအကြာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က အစီရင်ခံစာ သစ်တစ်စောင်ကို ထုတ်ပြန်သည်။ ယင်းတွင် ကမ္ဘာ့လူသားအားလုံး၏ ၉၉ ရာခိုင်နှုန်းသည် သန့်ရှင်းလတ်ဆတ်သည့် လေကို မရရှိကြောင်း WHO က ပြောကြားခဲ့သည်။ ထို့ကြောင့် လေထုညစ်ညမ်းမှု ဖြစ်စေသည့် ကျောက်မီးသွေးလောင်စာ သုံးစွဲမှုကို လက်တွေ့လျှော့ချကြရန်နှင့် လေထုညစ်ညမ်းမှုကြောင့် အသက်ရှူလမ်းကြောင်းရောဂါ၊ ကိုယ်တွင်းသွေးလည်ပတ်မှု ပြဿနာများ ကြုံနေရပြီး၊ နှစ်စဉ် သန်းပေါင်းများစွာသောလူများ သေဆုံးနေရသည့်အဖြစ်မှ ကာကွယ်ရန်လိုကြောင်း WHO က တိုက်တွန်းသည်။ |
| | | ရုရှားသည် ယူကရိန်းတွင် စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည့်အတွက် လူ့အခွင့်အရေး ကောင်စီအဖွဲ့ဝင်အဖြစ်ကနေ၍ ရုရှားကို ဖယ်ရှားရန် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်ရမည့် အချိန်ရောက်ပြီဟု ယုံကြည်ကြောင်း ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီး Linda Thomas–Greenfield က ပြောဆိုသည်။ |
| | | ရုရှားတပ်များ ပြန်ဆုတ်ခွာသွားခဲ့ပြီးနောက် မြို့တော် Kyiv အနီးရှိ Bucha မြို့ငယ်တွင် ရာနဲ့ချီသည့် ဒေသခံများသေဆုံးနေခြင်းသည် ရုရှားတပ်၏ ရက်စက်မှု အထောက်ထားများဖြစ်ပြီး ယင်းဖြစ်ရပ်များကြောင့် ရုရှားနှင့် ညှိနှိုင်းမှုများ လုပ်ဆောင်ရန်ခက်ခဲလာစေကြောင်း ယင်းမြို့ကို သွားရောက်ကြည့်ရှုခဲ့သည့် ယူကရိန်းသမ္မတ Volodymyr Zelenskiy က ပြောကြားသည်။ ရုရှားတပ်များသည် ယူကရိန်းတွင် လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်ကြောင်း ယူကရိန်းသမ္မတက ပြောဆိုခဲ့သည်။ |
| ၆။ | ၆ – ၄ – ၂၀၂၂ | ယူကရိန်းတွင် အရပ်သားများကို သတ်ဖြတ်မှုအပေါ် အိန္ဒိယနိုင်ငံက ပြစ်တင်ရှုတ်ချခဲ့သည်။ ယင်းသည် ယူကရိန်းကို ရုရှားက ကျူးကျော်တိုက်ခိုက်မှုအပေါ် အိန္ဒိယက ပထမဆုံးအကြိမ် လူသိရှင်ကြား ပြစ်တင်ဝေဖန်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ရုရှား |

| | | |
|---|---|---|
| | | သည် အိန္ဒိယ၏ အရေးပါသည့် စီးပွားရေးမိတ်ဘက် နိုင်ငံတခုအဖြစ် ဆက်ရှိနေဆဲဖြစ်သည်။ |
| | | အမေရိကန်၊ ဗြိတိန်နှင့် ဩစတြေးလျနိုင်ငံတို့သည် အသံထက်မြန်သော ဟိုက်ပါဆိုးနစ်ဒုံးကျည်များ (Hypersonic Missiles) ပူးပေါင်းတီထွင်ထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဧပြီလ (၅) ရက်တွင် ထုတ်ပြန်ခဲ့သည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒန်၊ ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဩစတြေးလျဝန်ကြီးချုပ် စကော့မော်ရစ်ဆင်တို့သည် သုံးပွင့်ဆိုင် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ ပြန်လည်လေ့လာ သုံးသပ်မှုတစ်ခု ပြုလုပ်ပြီးနောက်တွင် ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။ |
| | | အမေရိကန်သည် အသံထက်မြန်သည့် ဒုံးကျည်တစ်စင်း စမ်းသပ်ပစ်လွှတ်မှု အောင်မြင်ခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန အဆင့်မြင့်သုတေသန စီမံကိန်းအေဂျင်စီ (DARPA) က သတင်းထုတ်ပြန်ခဲ့သည်။ စမ်းသပ်ပစ်လွှတ်မှုသည် မတ်လလယ်တွင် လုပ်ဆောင်ခဲ့သော်လည်း ရုရှားနှင့်တင်းမာမှုများ တိုးမြင့်ခြင်းမှ ရှောင်ရှားရန်အတွက် နှစ်ပတ်ကြာ လျှို့ဝှက်ထားခြင်းဖြစ်ကြောင်း CNN သတင်းဌာနက ဖော်ပြခဲ့သည်။ စမ်းသပ်ပစ်လွှတ်သည့် ဒုံးကျည်သည် Lockheed Martin Corp မှ ဖြစ်ပြီး ၎င်းအား သယ်ဆောင်ရေးလေယာဉ်ဖြင့် ပစ်လွှတ်ခဲ့ကြောင်းသိရသည်။ ဒုံးကျည်သည် ၅ Mach ထက်မြန်သော အရှိန်ဖြင့် ပျံသန်းခဲ့ပြီး ပျံသန်းမှု အမြင့်ပေ ၆၅၀၀၀၊ ပျံသန်းမှုအကွာအဝေးသည် ရေမိုင် ၃၀၀ ရှိကြောင်း သိရသည်။ ၎င်းသည် DARPA ၏” Hypersonic Air-breathing Weapon Concept” စီမံကိန်း၏ ဒုတိယအကြိမ် အောင်မြင်သော စမ်းသပ်ပစ်လွှတ်မှုဖြစ်ကြောင်းသိရသည်။ အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ဘဏ္ဍာနှစ် ဘတ်ဂျက်တင်ပြချက်တွင် အသံထက်မြန်သော လက်နက်အပါအဝင် ထိုးစစ်ဆင်နိုင်သောတာဝေးပစ်လက်နက်များ တီထွင် ဖြန့်ကျက်နိုင်ရန် ၇ ဒသမ ၂ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားကြောင်း သိရသည်။ |
| | | ယူကရိန်းကို ရုရှားက ကျူးကျော်တိုက်ခိုက်နေသည့် စစ်ပွဲနှင့်ပတ်သက်ပြီး နှစ်ရက်ကြာ ဆွေးနွေးပွဲကို NATO မဟာမိတ်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးများ ဘရပ်ဆဲလ်စ်မြို့တွင် ရောက်နေချိန်တွင် ယူကရိန်းအတွက် နောက်ထပ်စစ်ရေးအကူအညီ ဒေါ်လာသန်း ၁၀၀ နှင့် သံချပ်ကာဖျက်လက်နက်များ ပေးအပ်သွားမည်ဖြစ်ကြောင်း အမေရိကန်က ကြေညာခဲ့သည်။ |
| | | ဂျာမဏီနှင့် ပြင်သစ် နှစ်နိုင်ငံက ရုရှားသံတမန် ၇၅ ဦးကိုနှင်ထုတ်ခဲ့ပြီးနောက် အီတလီ၊ စပိန်၊ ဆလိုဗေးနီးယား အပါအဝင် ဥရောပနိုင်ငံများကပါ ဆက်တိုက် နှင်ထုတ်ခဲ့သည်။ ၄၈ နာရီအတွင်း ဥရောပသမဂ္ဂနိုင်ငံများက နှင်ထုတ်ခဲ့သည့် ရုရှားသံတမန်နှင့် အမှုထမ်း ၂၀၀ ကျော်ပြီဖြစ်သည်။ |
| | | ယူကရိန်းတွင် အိုးအိမ်စွန့်ခွာထွက်ပြေးရသည့် စစ်ပြေးဒုက္ခသည် ၇ ဒသမ ၁ သန်းကျော်ရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂ လက်အောက်ခံ နိုင်ငံတကာရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာအဖွဲ့ IOM က အစီရင်ခံစာထုတ်ပြန်သည်။ စစ်ပွဲကြောင့် ပြည်သူများ အိုးအိမ်စွန့်ခွာထွက်ပြေးနေရဆဲဖြစ်ပြီး၊ လူသားချင်းစာနာမှု အထောက်အကူ အများအပြား လိုအပ်နေဆဲဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် Antonio Vitorino က ပြောဆိုသည်။ မတ်လ (၂၄) ရက်နေ့ကစတင်၍ ဧပြီလ (၁) ရက်နေ့အထိ ကောက်ယူခဲ့သည့် စစ်တမ်းများအရ၊ ထွက်ပြေးရသည့် အိမ်ထောင်စုများအတွင်းမှ ၅၀ ရာခိုင်နှုန်းကျော်သည် ကလေးငယ်ရှိသည့် မိသားစုများဖြစ်ကြပြီး၊ သက်ကြီးရွယ်အိုရှိသည့် မိသားစု ၅၇ ရာခိုင် |

| | | |
|---|---|---|
| | | နှုန်း၊ နာတာရှည်ရောဂါ ခံစားနေရသူရှိသည့် မိသားစု ၃၀ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ |
| | | ရုရှားနှင့် ယူကရိန်းသည် အကျဉ်းသား ၈၆ ဦးစီ လဲလှယ်ခဲ့ကြရာတွင် ယူကရိန်းအာဏာပိုင်များသည် ၎င်းတို့ ဖမ်းဆီးထားသည့် ခရိုင်းမီးယားဒေသမှ အရာရှိအချို့ကို အကျဉ်းသားလဲလှယ်မှု စာရင်းတွင် ထည့်သွင်းနိုင်ခြင်း မရှိမှုသည် ကွပ်မျက်ခဲ့သည့်အတွက် ဖြစ်နိုင်ကြောင်း ရုရှား၏ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး တာတီယာနာ မော့စ်ကယ်လ်ကိုဗာက ပြောကြားခဲ့သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးသွားမည်ဟု ၎င်းက ပြောဆိုသည်။ |
| ၇။ | ၇ - ၆ - ၂၀၂၂ | အမေရိကန်နိုင်ငံသည် နိုင်ငံတကာဥပဒေ၏ ဟာကွက်များကို အားသာချက်ယူကာ ကမ္ဘာ့ဒေသအသီးသီးတွင် ၎င်းတို့၏ စစ်ဘက်ဆိုင်ရာ ဇီဝဗေဒဓာတ်ခွဲခန်းများ တည်ဆောက်လျက်ရှိကြောင်း ရုရှားကြည်းတပ်၏ ဓာတုဗေဒနှင့် ဇီဝဗေဒ ကာကွယ်ရေးတပ်ဖွဲ့၏ ဓာတ်ရောင်ခြည်ဆိုင်ရာခေါင်းဆောင် Igor Kirillov က ပြောကြားခဲ့သည်။ |
| | | ရုရှားနိုင်ငံကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကနေ၍ ထုတ်ပယ်ရန် G-7 စက်မှုထိပ်သီး ၇ နိုင်ငံက တောင်းဆိုခဲ့သည်။ "အခုချိန်ဟာ ရုရှားနိုင်ငံကို လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်အဖြစ်ကနေ ရပ်ဆိုင်းပစ်ဖို့ အချိန်တန်ပြီ" ဟု G-7 အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကနေဒါ၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ ဗြိတိန်နှင့် အမေရိကန်နိုင်ငံများက ကြေညာချက်ထုတ်ပြန်ခဲ့သည်။ ရုရှားကို ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီမှ ထုတ်သင့်၊ မသင့် အထွေထွေညီလာခံတွင် မဲခွဲဆုံးဖြတ်ရန် စီစဉ်ထားကြသည်။ |
| | | ရုရှားနိုင်ငံတွင် အမေရိကန်က ရင်းနှီးမြှုပ်နှံမှု အသစ်များ မလုပ်ရန်နှင့် ရုရှားသမ္မတ Vladimir Putin ၏ သားသမီးများ၏ ပိုင်ဆိုင်မှုများ အပါအဝင် ရုရှားအပေါ် စီးပွားရေးအရ ချက်ခြင်းလက်ငင်း သက်ရောက်မှုရှိမည့် ပြင်းထန်သည့် ပိတ်ဆို့ဒဏ်ခတ်မှု အသစ်များကို ချမှတ်ကြောင်း အမေရိကန်နှင့် မဟာမိတ် နိုင်ငံများက ကြေညာခဲ့သည်။ |
| | | ယူကရိန်းကို ဝင်ရောက်တိုက်ခိုက်မှုနှင့် ပတ်သက်ပြီး ရုရှားအပေါ် ပိတ်ဆို့မှုများ ချမှတ်လုပ်ဆောင်နေချိန်တွင် တရုတ်အနေဖြင့် ရုရှားကို ရုပ်ဝတ္ထုပစ္စည်းများ ထောက်ပံ့ပေးမည်ဆိုပါက နောက်ဆက်တွဲရင်ဆိုင်ရမည့် အကျိုးဆက်များကို နားလည်သဘောပေါက်ထားသင့်ကြောင်း အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဝင်ဒီရှာမန်က ဧပြီလ (၆) ရက်တွင် ပြောကြားခဲ့သည်။ |
| | | ယူကရိန်းကို ကျူးကျော်သည့်အတွက် ရုရှားအပေါ်ပိတ်ဆို့အရေးယူမှု အစိတ်အပိုင်းတစ်ရပ်အဖြစ် ရုရှားသို့ ပို့ကုန်ထိန်းချုပ်မှုများအား တင်းကျပ်လျက်ရှိသည်ဟု ဧပြီလ (၆) ရက်တွင် ထိုင်ဝမ်ကပြောကြားခဲ့ပြီး နည်းပညာနှင့် မိုက်ခရိုချစ်ပ်များကို စစ်ရေးကိစ္စများ အတွက် အသုံးပြုခြင်းအား တားဆီးရန် စည်းမျဉ်းစည်းကမ်းများကို အသေးစိတ် ထုတ်ပြန်ခဲ့သည်။ |
| | | စစ်ရာဇဝတ်မှုများဖြစ်သည်ဟု အနောက်အုပ်စုက ရှုတ်ချခဲ့သော အရပ်သား သတ်ဖြတ်ခံရခြင်းများအတွက် နိုင်ငံအချို့က အပြစ်ပေးအရေးယူသည်ထက် ငွေကိုဦးစားပေးဆဲဖြစ်ကြောင်း စွပ်စွဲခဲ့ပြီးနောက် ယူကရိန်းက ရုရှားစစ်ပွဲအဆုံးသတ်ရန် ရုရှားကို စီးပွားရေးအရ အထိနာစေသောပိတ်ဆို့မှု များချမှတ်စေလိုသည်ဟု ရိုက်တာသတင်းတွင် ဖော်ပြခဲ့သည်။ ဒီမိုကရေစီဝါဒခံယူထားသော ကမ္ဘာသည် ရုရှားရေနံကို ငြင်းပယ်ရမည်ဖြစ်ကာ ရုရှားဘဏ်များကို နိုင်ငံတကာငွေကြေးစနစ်များမှ လုံးလုံး ပိတ်ပင်ပစ်ရမည်ဟု နေ့စဉ်ပြောကြားသော ဗီဒီယိုမိန့်ခွန်းတွင် ဗိုလိုဒီမာ ဇလန်းစကီးက ပြောကြားခဲ့သည်။ |

| | | |
|---|---|---|
| ၈။ | ၈ - ၄ - ၂၀၂၂ | BA.2 Omicron မျိုးကွဲဗီဇပိုးသစ်သည် တွေ့ဖူးသမျှ ဗိုင်းရပ်စ်ပိုးများအတွင်းတွင် ကူးစက်နှုန်း အမြန်ဆုံးဖြစ်ပြီး အထူးစိုးရိမ်ရကြောင်းနှင့် ဆေးရုံတက် ကုသသူများ၊ သေဆုံးသူများ တွေ့ရနိုင်ကြောင်း Texas ပြည်နယ် Baylor ဆေးပညာ College က ဒေါက်တာ Peter Hotez က သတိပေးပြောဆိုသည်။ |
| | | ယူကရိန်းတွင် အရပ်သားများကို ပစ်ခတ်သတ်ဖြတ်မှုများနှင့်ပတ်သက်၍ ရုရှားတပ်ဖွဲ့ဝင်များ အချင်းချင်း ရေဒီယိုဆက်သွယ်ရေးစက်များဖြင့် ပြောဆိုမှုများကို ကြားဖြတ်ထောက်လှမ်း ရရှိထားကြောင်း ဂျာမန်ထောက်လှမ်းရေး အရာရှိများက ပြောဆိုသည်။ |
| | | ဖိလစ်ပိုင်နိုင်ငံတွင် ပြုလုပ်မည့် သမ္မတရွေးကောက်ပွဲမတိုင်မီ အကြိုစစ်တမ်း ကောက်ယူခဲ့သည့် လူထုသဘောထားစစ်တမ်းတွင် လူကြိုက်များမှုမရှိသည့် ဖိလစ်ပိုင် လက်ဝှေ့အကျော်အမော်ဟောင်း မန်နီပက်ကွီယောင်းက ဆင်းရဲမွဲတေခဲ့သည့် ၎င်း၏မျိုးရိုးသည် ၎င်းအား သမ္မတရာထူးအတွက် အသင့်တော်ဆုံးလူတစ်ဦး ဖြစ်စေခဲ့သည်ဟု ပြောကြားခဲ့သည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း အကျင့်ပျက်ခြစားမှု အမည်းစက် ရှိခဲ့သည့် ကိုယ်စားလှယ်လောင်းများကို မဲမပေးဘဲ ရှောင်ကျဉ်ရန် သတိပေးခဲ့သည်။ |
| ၉။ | ၉ - ၄ - ၂၀၂၂ | ယူကရိန်း အရှေ့ပိုင်း Donetsk ဒေသတွင်ရှိသည့် Kramatorsk ရထားဘူတာရုံတစ်ခုကို ဒုံးကျည် ၂ စင်းဖြင့် တိုက်ခိုက်မှုကြောင့် ကလေးငယ် ၅ ဦးအပါအဝင် လူ ၅၂ ဦး ထက်မနည်း သေဆုံးခဲ့ရပြီး အများအပြား ဒဏ်ရာရခဲ့သည်။ ၎င်းဘူတာရုံသည် တိုက်ပွဲများဘေးမှ အရပ်သားများကို ကယ်ထုတ်ရန် အသုံးပြုနေခြင်း ဖြစ်သည်။ ၎င်းလုပ်ရပ်သည် အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုခြင်းဟု ယူကရိန်းသမ္မတ ဇလန်းစကီးက ပြောဆိုသည်။ အမေရိကန် သမ္မတ ဂျိုးဘိုင်ဒန်ကလည်း “ရုရှားရဲ့ ကျူးလွန်မှုဟာ ဆိုးရွားရက်စက်တဲ့ နောက်ထပ် သတ်ဖြတ်မှု” ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ဗြိတိန်ကာကွယ်ရေးဝန်ကြီး Ben Wallace က “အရပ်သားတွေနဲ့ အရေးပါတဲ့ အခြေခံအဆောက်အအုံတွေကို တိုက်ခိုက်တာဟာ စစ်ရာဇဝတ်မှု တစ်ခုဖြစ်တယ်” ဟု ပြောဆိုခဲ့သည်။ ရထားဘူတာရုံနှင့် အရပ်သားများ အပေါ် တိုက်ခိုက်မှုများကို “လုံးဝ လက်ခံနိုင်စရာမရှိဘဲ လူသားစာနာမှုဆိုင်ရာနဲ့ လူ့ အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေတွေကို ဆိုးရွားစွာ ချိုးဖောက်တာဖြစ်ပြီး ကျူးလွန်သူတွေ ကိုယ့်လုပ်ရပ်ကိုယ် တာဝန်ခံမှုရှိအောင် လုပ်ရမယ်” ဟု ကုလသမဂ္ဂက မှတ်ချက်ပေးခဲ့သည်။ |
| | | ဂျပန် – ဖိလစ်ပိုင် နှစ်နိုင်ငံကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ထပ်မံတိုးချဲ့ရေး ဆန်းစစ်သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ |
| | | တောင်တရုတ်ပင်လယ်တွင်း ငြိမ်းချမ်းမှုထိန်းသိမ်းရေး ထိန်းချုပ်လုပ်ဆောင်ရေး ဖိလစ်ပိုင် သမ္မတ Rodrigo Duterte နှင့် တရုတ်သမ္မတ Xi Jinping သည် အလေးထားဆွေးနွေးခဲ့ကြကြောင်း ဖိလစ်ပိုင်သမ္မတရုံးက ပြောဆိုသည်။ အငြင်းပွားမှုများ ရှိနေသည့်ကြားမှပင် အပေါင်းလက္ခဏာဆောင်သည့် ဆက်သွယ်လုပ်ဆောင်မှုများအတွက် အခင်းအကျင်းအသစ်များ တိုးချဲ့သွားရေးကို နှစ်နိုင်လုံးက အခိုင်အမာ ပြောဆိုခဲ့သည်။ |
| | | သီရိလင်္ကာတွင် စီးပွားပျက်ကပ်အတွက် နိုင်ငံတကာအကူအညီ ဒေါ်လာသန်း ၃၀၀၀ ခန့် ရယူလိုကြောင်း သီရိလင်္ကာအစိုးရက ပြောဆိုသည်။ သီရိလင်္ကာ ဘဏ္ဍာရေး ဝန်ကြီးက လောင်စာဆီနှင့် ဆေးဝါးအပါအဝင် မရှိမဖြစ်လိုအပ်သည်များကို ပြန်ဖြည့်ဆည်းရန်အတွက် လာမည့် (၆) လအတွင်း နိုင်ငံခြားအကူအညီများ လိုအပ်မည်ဖြစ်ကြောင်း ပြောဆိုသည်။ |
| | | ပါကစ္စတန်ဝန်ကြီးချုပ် Imran Khan ကို ရာထူးကဖယ်ရှားရေး အတိုက်အခံများ တင် |

| | | |
|---|---|---|
| | | သွင်းသည့် အယုံအကြည်မရှိအဆိုကို မဲခွဲဆုံးဖြတ်မည့်လုပ်ငန်းစဉ် စတင်ရေးအတွက် ပါကစ္စတန် အောက်လွှတ်တော်အစည်းအဝေးကို ကျင်းပခဲ့သည်။ |
| | | ယူကရိန်းအစိုးရသည် ယူကရိန်းလယ်သမားများအတွက် လောင်စာဆီ၊ မျိုးစေ့၊ ဓာတ်မြေသြဇာများနှင့် လယ်ယာသုံးကိရိယာများ ကူညီပေးရန် ဥရောပသမဂ္ဂကို ဧပြီလ (၆) ရက်တွင် တောင်းဆိုခဲ့သည်။ |
| | | ယူကရိန်းနိုင်ငံအတွက် ပံ့ပိုးရေးအချက်ပြမှုအဖြစ် ဥရောပကော်မရှင် ဥက္ကဋ္ဌ Ursula von der Leyen နှင့် ဥရောပသမဂ္ဂ (EU) နိုင်ငံခြားရေးမူဝါဒ အကြီးအကဲ Josep Borrell တို့ ကိဗ်မြို့သို့ လာရောက်လည်ပတ်သည့် ခရီးစဉ်ကို ယူကရိန်းသမ္မတ ဇလန်းစကီးက ဧပြီလ (၈) ရက်၌ ကြိုဆိုခဲ့ကြောင်း နိုင်ငံပိုင် Ukrinform သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ “ဒါဟာ ယူကရိန်းနဲ့ ဥရောပသမဂ္ဂ အတူရှိတယ်ဆိုတဲ့ အင်မတန်အားကောင်းတဲ့ အချက်ပြမှုဖြစ်ပါတယ်” ဟု ဇယ်လန်းစကီး က von der Leyen နှင့် Borrell တို့နှင့်အတူ ကိဗ်မြို့ ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ |
| ၁၀။ | ၁၀ - ၄ - ၂၀၂၂ | ရုရှားအထူးစစ်ဆင်ရေးလုပ်ဆောင်ပြီးနောက်ပိုင်း ယူကရိန်းစစ်တပ်၏ တိုက်လေယာဉ် ၁၂၇ စီး၊ ရဟတ်ယာဉ် ၉၈ စီး၊ မောင်းသူမဲ့ဒရုန်းယာဉ် ၄၃၆ စီး၊ လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ် ၂၃၄ စုံ၊ တင့်ကားနှင့် သံချပ်ကာယာဉ် ၂၀၅၂ စီး၊ ဘဇူကာ ဒုံးလောင်ချာ ၂၃၂ လက်၊ အမြောက်နှင့်စိန်ပြောင်း ၈၉၄ လက်၊ စစ်သုံးယာဉ် ၁၉၇၅ စီး ဖျက်ဆီးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ဗွီဒီယိုတွင် ရုရှားပင်လယ်နက်ရေယာဉ်အုပ်စု၏ ဖရီးဂိတ်စစ်သင်္ဘောတစ်စီးသည် ပင်လယ်နက်ရေပြင်မှ ယူကရိန်းစစ်ဘက်ဆိုင်ရာ အခြေခံအဆောက်အဦးသို့ Kalibr ခရုဇ်ဒုံးကျည် ၄ လုံး ပစ်လွှတ်ခဲ့သည်ကို ပြသထားသည်။ |
| | | ယူကရိန်းစစ်တပ် စစ်ဦးစီးချုပ်ရုံးသည် လူမှုကွန်ရက်မီဒီယာတွင် ကြေညာချက် ထုတ်ပြန်ခဲ့ရာတွင် ယင်းနေ့အထိ ယူကရိန်းစစ်ပွဲအတွင်း ရုရှားစစ်တပ် ဆုံးရှုံးခဲ့မှုများတွင် လူ ၁၉၃၀၀ ဦး၊ တင့်ကား ၇၂၂ စီး၊ သံချပ်ကာယာဉ် ၁၉၁၁ စီး၊ အမြောက်စနစ် ၃၄၂ စုံ၊ ဘဇူကာဒုံးလောင်ချာအမျိုးမျိုး ၁၀၈ စုံ၊ လေကြောင်းရန် ကာကွယ်ရေးစနစ် ၅၅ စုံ၊ မော်တော်ယာဉ် ၁၃၈၄ စီး၊ လေယာဉ်ပျံ ၁၅၂ စီး၊ ရဟတ်ယာဉ် ၁၃၇ စီး၊ ရေယာဉ် ၇ စီး၊ လောင်စာဆီ သယ်ယူပို့ဆောင်ရေးယာဉ် ၇၆ စီး၊ နည်းဗျူဟာသုံး မောင်းသူမဲ့ ဒရုန်းယာဉ် ၁၁၂ စီး ရှိပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။ |
| | | ရုရှားစစ်တပ်က တပ်အင်အား ထပ်တိုးစေလွှတ်ပြီး ခါကိဗ်ပြည်နယ် အရှေ့တောင်ပိုင်း Izium မြို့ရှိ ယူကရိန်းစစ်တပ်၏ ကာကွယ်ရေးစနစ်ကို ထိုးဖောက်ကာ မာရီယူပိုလ်ကို ဘက်စုံထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေကြောင်း ယူကရိန်းစစ်တပ် စစ်ဦးစီးချုပ်ရုံးက လူမှုကွန်ရက်မီဒီယာတွင် ဖော်ပြခဲ့သည်။ ထို့အပြင် ရုရှားစစ်တပ်က မီကိုလိုင်ဗ် ပြည်နယ်ကို ဦးတည်သည့် ခံတပ်စခန်းများကို အားဖြည့်နေကြောင်းသိရသည်။ စက်ပစ္စည်းနှင့် လူသူဆုံးရှုံးမှုများ ဆိုးဝါးခြင်းကြောင့် ရုရှားစစ်တပ် ထိန်းချုပ်ထားသည့် ခါကိဗ်၊ ခါဆွန်နှင့် ဇာပိုရေဇီးယား စသည့်ဒေသများ၌ စစ်ဆေးရုံ၊ ပြင်ဆင်ရေး စက်ရုံများ တည်ဆောက်ထားရကြောင်း ယူကရိန်းစစ်တပ် စစ်ဦးစီးချုပ်ရုံးက ပြောကြားသည်။ |
| | | ဧပြီလ (၉) ရက် ညပိုင်းမှ ဧပြီလ (၁၀) ရက် နံနက်ပိုင်းအထိ အိုဒက်ဆာမြို့နှင့် အိုဒက်ဆာပြည်နယ်တွင် လေကြောင်းတိုက်ခိုက်မှု သတိပေးချက်များ ထုတ်ပြန်ခဲ့သော်လည်း အခြေအနေ ငြိမ်သက်နေကြောင်း၊ ယင်းနေ့ညပိုင်းတွင် ရုရှားတပ်များ |

| | | |
|---|---|---|
| | | လေကြောင်းတိုက်ခိုက်မှု မပြုလုပ်ခဲ့သော်လည်း တိုက်ခိုက်နိုင်သည့် အန္တရာယ် မပယ်ရှားနိုင် သေးကြောင်း ယူကရိန်းနိုင်ငံ အိုဒက်ဆာပြည်နယ် စစ်ရေးစီမံခန့်ခွဲရေး ဌာန ပြောဆိုခွင့်ရှိသူ Serhiy Bratchuk က ပြောကြားသည်။ ရုရှားပင်လယ်နက် ရေယာဉ်အုပ်စုသည် ဆက်လက် အင်အားစုနေကြောင်းနှင့် အိုဒက်ဆာပြည်နယ်ကို လေကြောင်းထောက်လှမ်းမှု ကြိမ် ဖန်များစွာ ပြုလုပ်နေကြောင်း ၎င်းက ပြောဆိုသည်။ |
| | | ပါကစ္စတန်နိုင်ငံက Shaheen–III မြေပြင်မှမြေပြင်ပစ် ပဲ့ထိန်းဒုံးကျည်အား ဧပြီလ (၉) ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း ပါကစ္စတန်စစ်တပ်က ပြောခဲ့ သည်။ စမ်းသပ်ပစ်လွှတ်မှုသည် လက်နက်စနစ်၏ အမျိုးမျိုးသောပုံစံနှင့် နည်းပညာ ကန့်သတ်ချက်ဘောင်များအား ပြန်လည်အတည်ပြုရန် ရည်ရွယ်ကြောင်း ပြည်သူ့ ဆက်ဆံရေးဝန်ဆောင်မှု (ISPR) မှ ထုတ်ပြန်သော ကြေညာချက်အရ သိရသည်။ ယင်း စမ်းသပ်ပစ်လွှတ်မှုကို မဟာဗျူဟာစီမံချက်ဌာန၏ ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ် ချုပ်ကြီး Nadeem Zaki Manj နှင့် အခြားအဆင့်မြင့် စစ်ဘက်ဆိုင်ရာ အရာရှိများ၊ နိုင်ငံ၏ မဟာဗျူဟာအဖွဲ့အစည်းများမှ သိပ္ပံပညာရှင်များနှင့် အင်ဂျင်နီယာများ၏ ရှေ့ မှောက်တွင် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ |
| | | သီရိလင်္ကာနိုင်ငံတွင် ဧပြီလ (၉) ရက်၌ ထောင်သောင်းချီသည့် ပြည်သူများသည် မြို့ တော်ကိုလံဘို၏ လမ်းမများထက်တွင် ချီတက်ဆန္ဒပြရင်း သမ္မတ နုတ်ထွက်ပေးရေး တောင်းဆိုခဲ့ကြသည်။ |
| | | အနာဂတ်တွင် ရုရှား၏ ကျူးကျော်မှုများကို တိုက်ပွဲဝင်ရန်အတွက် ၎င်း၏ နယ်စပ်များ တွင် တပ်များကို အမြဲတမ်းချထားရန် အခြေခံကျကျ စီမံကိန်းချနေကြောင်း နေတိုးအ တွင်းရေးမှူးချုပ် Jens Stoltenberg က ဗြိတိန်နိုင်ငံထုတ် The Telegraph သတင်း စာနှင့် အင်တာဗျူးတစ်ခုတွင် ပြောဆိုခဲ့သည်။ ယင်းစီမံနေမှုကို လာမည့် ဇွန်လ၊ စပိန် နိုင်ငံ မဒရစ်မြို့တွင်ကျင်းပမည့် နေတိုးထိပ်သီးညီလာခံတွင် ဆုံးဖြတ်မည်ဖြစ်သည်။ |
| | | ဧပြီလ (၉) ရက်တွင် ဗြိတိန်ဝန်ကြီးချုပ် Boris Johnson သည် Kyiv မြို့တွင် သမ္မတ Volodymyr Zelenskyy နှင့် တွေ့ဆုံခဲ့ရာတွင် ယူကရိန်းကို ဒေါ်လာသန်း ၁၃၀ တန်ဖိုးရှိ နည်းပညာအဆင့်မြင့် လေယာဉ်နှင့် တင့်ကားပစ်ဒုံးကျည်များကို ကူညီမည်ဟု ကတိပြု ခဲ့သည်။ ယူကရိန်းကို အကူအညီပေးရန် သံချပ်ကာကား ၁၂၀ စီးနှင့် နောက်ဆုံးပေါ် သင်္ဘောပစ်မစ်ဇိုင်းဒုံးခွင်းစနစ်များ ပေးမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်ရုံးက ကြေ ညာခဲ့သည်။ ဧပြီလ (၈) ရက်နေ့ကလည်း ဗြိတိန်အနေဖြင့် ယူကရိန်းကို လေယာဉ်ပစ်ဒုံးများနှင့် တင့်ကားဖျက်ဒုံး ၈၀၀ ပေးအပ်သွားမည် ဖြစ်ကြောင်း ကြေညာသည်။ ဩစတြီးယားဝန်ကြီးချုပ် Karl Nehammer သည်လည်း ယူကရိန်း သမ္မတကို Kyiv မြို့တွင် တွေ့ဆုံခဲ့သည်။ |
| | | မက္ကဆီကို သမ္မတ Andres Manuel Lopez Obrador သည် ၎င်း၏ ၆ နှစ်တာ သမ္မတ သက်တမ်း ပြီးဆုံးသည်အထိ တာဝန်ယူစေချင်သလား၊ ရာထူးက ဆင်းပေးစေချင်သ လားဆိုသည့် လူထုသဘောထားကို စစ်တမ်းကောက်ယူခဲ့သည်။ အခြားနိုင်ငံများတွင် နိုင်ငံရေးပြိုင်ဘက်များကသာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် တောင်းဆိုလေ့ရှိ သော်လည်း မက္ကဆီကိုတွင် လူထုထောက်ခံမှု ၆၀ ရာခိုင်နှုန်းနီးပါး ရထားသည့် သမ္မတ Lopez က ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန် ဦးဆောင်စီစဉ်ခဲ့ခြင်းဖြစ်သည်။ |
| ၁၁။ | ၁၁ – ၄ – ၂၀၂၂ | စစ်ပွဲအတွင်း အရပ်သားများအပေါ် ထိခိုက်မှု လျှော့ချနိုင်စေရန်အတွက် ပေါက်ကွဲမှု ပြင်းထန်သည့် လက်နက်များအသုံးပြု တိုက်ခိုက်ခြင်းကို လူနေထူထပ်သည့် အရပ်များ |

| | | |
|---|---|---|
| | | တွင် အသုံးမပြုရန် တားမြစ်သည့် နိုင်ငံတကာသဘောတူညီချက် အသစ်တစ်ခု မကြာမီ ထွက်ပေါ်လာတော့မည်ဖြစ်သည်။ ကုလသမဂ္ဂတွင် ယင်း သဘောတူညီချက်တစ်ရပ် အတွက် ဆွေးနွေးနေမှုကို နိုင်ငံပေါင်း ၆၅ နိုင်ငံက ကိုယ်စားလှယ်ပေါင်း ၂၀၀ ကျော် တက်ရောက်ပြီး ဆွေးနွေးခဲ့ကြသည်။ လာမည့် ဇွန်လဆန်းပိုင်းတွင် အပြီးသတ်ထုတ်ပြန်ကာ အတည်ပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ |
| | | ပြင်သစ်နိုင်ငံ၌ ဧပြီလ (၁၀) ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကျော့ ရွေးကောက်ပွဲ မဲရလာဒ်များအရ လက်ရှိသမ္မတ Emmanuel Macron နှင့် လက်ယာစွန်းခေါင်းဆောင် Marine Le Pen တို့သည် ဧပြီလ (၂၄) ရက်နေ့တွင် ကျင်းပမည့် ဒုတိယအကြော့ ရွေးကောက်ပွဲတွင်လည်း ထပ်မံ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ |
| | | ရုရှားစစ်တပ်သည် ယူကရိန်းအရှေ့ပိုင်းတွင် ပိုမိုကြီးမားသည့်ထိုးစစ်ကို ဆင်နွှဲလိမ့်မည် ဖြစ်ကြောင်း ယူကရိန်းသမ္မတ Volodymyr Zelenskyy က သတိပေး ပြောဆိုခဲ့သည်။ ယူကရိန်းစစ်တပ်သည် တန်ပြန်တိုက်ခိုက်ရန် အဆင့်သင့်ရှိနေမည်ဖြစ်ကြောင်းလည်း ပြောဆိုလိုက်သည်။ |
| | | ရုရှားစစ်သည်များ ဝန်းရံပိတ်ဆို့ခံထားရသည့် ယူကရိန်းရှိဒေသတချို့တွင် လူသားချင်း စာနာမှု အထောက်အကူအညီများ ပေးအပ်ရန်နှင့် ပိတ်မိနေသည့် အရပ်သားများ ထွက်ခွာနိုင်ရန်၊ ဒေသအလိုက် အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်ရန် ကုလသမဂ္ဂ လူသားချင်း စာနာမှုဆိုင်ရာအကြီးအကဲ Martin Griffiths က တောင်းဆိုသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကုလသမဂ္ဂတာဝန်ရှိသူ Martin Griffiths က ယူကရိန်းတွင် ဖြစ်နိုင်ခြေရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ အပစ်အခတ်ရပ်စဲရေးအတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergey Lavrov နှင့် ဆွေးနွေးခဲ့သည်။ |
| | | ပါကစ္စတန်နိုင်ငံတွင် ၄ နှစ်နီးပါး အုပ်စိုးခဲ့သည့် Imran Khan ခေါင်းဆောင်သော ညွန့်ပေါင်းအစိုးရသည် အယုံအကြည်မရှိအဆို ရှုံးနိမ့်သွားပြီး နောက်တရက်အကြာတွင် အတိုက်အခံခေါင်းဆောင် Shehbaz Sharif ကို ဝန်ကြီးချုပ်အဖြစ် မဲခွဲဆုံးဖြတ်ရန် ပြင်ဆင်နေကြပြီဖြစ်ကြောင်း သိရသည်။ အသက် ၇၀ အရွယ် အတိုက်အခံ ခေါင်းဆောင် Sharif သည် ပါကစ္စတန်၏ ဝန်ကြီးချုပ်သစ်အဖြစ် အရွေးခံရတော့မည်ဟု လူအများက ယူဆထားသည်။ |
| | | အမေရိကန်သမ္မတ Joe Biden သည် အိန္ဒိယဝန်ကြီးချုပ် Narendra Modi နှင့် အွန်လိုင်းမှ တွေ့ဆုံမည်ဖြစ်ပြီး အိန္ဒိယအနေဖြင့် ရုရှားဆီမှ လောင်စာစွမ်းအင် တိုးမြှင့်ဝယ်ယူခြင်း မပြုရန်ကိစ္စကို ပြောကြားမည်ဖြစ်ကြောင်း သိရသည်။ ယူကရိန်းတွင် ရုရှားဆင်နွှဲနေသည့် စစ်ပွဲ၏ နောက်ဆက်တွဲ အကျိုးဆက်များနှင့် စစ်ပွဲကြောင့် ကမ္ဘာ့စားနပ်ရိက္ခာ ဖြည့်စွမ်းမှုနိုင်မှုနှင့် လူသုံးကုန်ပစ္စည်းဈေး မတည်မငြိမ်ဖြစ်လာမှု လျှော့ပါးရေးနှင့်ပတ်သက်ပြီး အိန္ဒိယနှင့် အနီးကပ် တိုင်ပင်ဆွေးနွေးမှုကို သမ္မတ Biden က ဆက်လက် လုပ်ဆောင်မည်ဖြစ်ကြောင်း သမ္မတ အိမ်ဖြူပြောခွင့်ရ Jen Psaki က ကြေညာခဲ့သည်။ |
| | | တရုတ်-လာအို ရထားလမ်း၏ တတိယမြောက် လန်ချန်းလျှပ်စစ်ကျည်ဆန်ရထား (Lane Xang EMU) သည် ဧပြီလလယ်ပိုင်းတွင် ကျင်းပမည့် လာအိုနိုင်ငံ နှစ်ကူးပွဲတော်ကာလအတွင်း ခရီးသွားဝန်ဆောင်မှု ပေးရန်အတွက် လာအိုနိုင်ငံ၏ မြို့တော် ဗီယင်ကျန်းကို ရောက်ရှိခဲ့သည်။ အဆိုပါ တတိယမြောက် လန်ချန်းမြန်နှုန်းမြင့် လျှပ်စစ်ကျည်ဆန်ရထားသည် မြို့တော် ဗီယင်ကျန်းနှင့် လာအိုနိုင်ငံ မြောက်ပိုင်းရှိ မိုးဆိုင်မြို့ |

| | | |
|---|---|---|
| | | ကို ပြေးဆွဲမည်ဖြစ်သည်။ |
| | | ပြင်ပပိတ်ဆို့မှုအခြေအနေတွင် စီးပွားရေးတည်ငြိမ်ရန်အတွက် ရုရှားအစိုးရ အရန် ရန်ပုံငွေကို ရူဘယ် ၂၇၃ ဒသမ ၄ ဘီလီယံ ထပ်တိုးပေးသွားမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ အမိန့်ကြေညာချက်များကို လက်မှတ်ရေးထိုး ထုတ်ပြန်ပြီးဖြစ်ကြောင်း ရုရှားအစိုးရဝက်ဘ်ဆိုက်က ဧပြီလ (၁၀) ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ ယခုအကြိမ် ထပ်တိုးသည့် အရန်ရန်ပုံငွေများအနက် ရူဘယ် ၂၇၁ ဒသမ ၆ ဘီလီယံသည် ယခုနှစ် ပထမလေးလပတ်အတွင်းရရှိသော ရေနံနှင့်သဘာဝဓါတ်ငွေ့ အပိုဝင်ငွေ ဖြစ်ကြောင်း ဖော်ပြထားသည်။ |
| | | ယူကရိန်းသမ္မတ ဇယ်လန်းစကီးသည် ဧပြီလ (၁၀) ရက် အမေရိကန် မီဒီယာများ၏ တွေ့ ဆုံမေးမြန်းမှုရုပ်သံကို လူမှုကွန်ရက်မီဒီယာတွင် ထုတ်ပြန်ခဲ့ကြောင်း ယူကရိန်းနိုင်ငံပိုင် သတင်းအေဂျင်စီ Ukrinform က ဖော်ပြသည်။ ဗွီဒီယိုတွင် ဇလန်းစကီးက သံတမန် ရေးဖြင့် ပဋိပက္ခဖြေရှင်းမည့် အခွင့်အလမ်းကို ယူကရိန်းက အဆုံးရှုံးမခံနိုင်ကြောင်း၊ သို့သော်လည်း ယူကရိန်း၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ ယူ ကရိန်းပြည်သူများက ငြိမ်းချမ်းရေးကို လက်ခံမည်ဖြစ်ရာ ယူကရိန်းဘက်က တောင်းဆိုချက်များနှင့် ယခုစစ်ပွဲကို အဆုံးသတ်ရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ |
| | | ဂျာမနီဝန်ကြီးချုပ် Olaf Scholz သည် ယူကရိန်းသမ္မတ ဇလန်းစကီးနှင့် ဖုန်းဖြင့်ဆက်သွယ် ဆွေးနွေးခဲ့သည်။ ယခုအကြိမ်ဆက်သွယ်ဆွေးနွေးမှုသည် နှစ်ဖက်အကြား ပုံမှန်ထိတွေ့ဆက်ဆံဆွေးနွေးမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဂျာမနီအစိုးရ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ နှစ်ဖက်ဆက်သွယ်မှုတွင် ရုရှား – ယူကရိန်း ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးမှုဖြစ်စဉ်ကို သိရှိရပြီး ဂျာမနီက ယူကရိန်းကို အစွမ်းကုန် အားပေးထောက်ခံသွားမည်ဖြစ်ကြောင်း Olaf Scholz က ပြောကြားခဲ့သည်။ |
| | | အိန္ဒိယနိုင်ငံလေတပ်(IAF) က ပါကစ္စတန်နိုင်ငံတွင်း ဒုံးကျည်တစ်စင်း ပစ်လွှတ်ခဲ့မိသည့် မတော်တဆမှုဖြစ်ရပ်အတွက် ၎င်း၏ ဒုံးကျည်တပ်ဖွဲ့မှ တာဝန်ရှိသူများကို ပါကစ္စတန်မှ ပြစ်တင်ပြောဆိုခဲ့သည်။ ယင်း မတော်တဆမှုသည် မတ်လ (၉) ရက်တွင် မရည်ရွယ်ဘဲ BrahMos ဒုံးကျည်တစ်စင်းအား ပစ်လွှတ်မိခဲ့ခြင်းဖြစ်ကြောင်းနှင့် ဒုံးကျည်သည် ပါကစ္စတန်နိုင်ငံ ပိုင်နက်နယ်မြေအတွင်း ကျရောက်သွားခဲ့ ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အိန္ဒိယလေတပ် အဆင့်မြင့်အရာရှိတစ်ဦးက စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ပြီးဖြစ်သည်။ |
| | | အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂုဂျာရတ်ပြည်နယ်၌ ဓာတုဗေဒစက်ရုံတစ်ရုံသည် ဧပြီလ (၁၁) ရက်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားရာ စက်ရုံလုပ်သား ၆ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။ ဂုဂျာရတ်ပြည်နယ်၏ မြို့တော် Gandhinagar ၏ တောင် ဘက် ၂၅၅ ကီလိုမီတာအကွာရှိ Bharuch ခရိုင်၏ Dahej စက်မှုဇုန်အတွင်းရှိစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ရဲတပ်ဖွဲ့တာဝန်ရှိသူများ၏ ပြောကြားချက်အရ ပေါက်ကွဲမှုနောက်ပိုင်းတွင် မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း သိရသည်။ |
| ၁၂။ | ၁၂ - ၄ - ၂၀၂၂ | ရုရှားလက်နက်ကိုင် တပ်ဖွဲ့ဝင်များသည် ဥရောပနိုင်ငံတစ်နိုင်ငံမှ ယူကရိန်းနိုင်ငံသို့ ထောက်ပံ့ပေးအပ်ခဲ့သည့် လေကြောင်းရန်ကာကွယ်ရေး ကိရိယာများကို ချေမှုန်းဖျက်ဆီးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ “ဥရောပနိုင်ငံတစ်နိုင်ငံက ယူကရိန်းကိုထောက်ပံ့ပေးထားတဲ့ S-300 လေကြောင်းရန် ကာကွယ်ရေး |

| | | |
|---|---|---|
| | | ဒုံးကျည်စနစ်ရဲ့ ပစ္စည်းကိရိယာတွေကို ဧပြီလ (၁၀) ရက်တုန်းက တိကျမှန်ကန်မှု မြင့်မားတဲ့ ပင်လယ်ပြင်အခြေစိုက် Kalibr ဒုံးကျည်တွေနဲ့ ချေမှုန်းဖျက်ဆီးပစ်ခဲ့ပါတယ်" ဟု ရုရှားနိုင်ငံကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ Igor Konashenkov က ပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံ အရှေ့ပိုင်း Dnipro မြို့၏ မြို့ပြင်တောင်ဘက်ပိုင်းရှိ အလုံပိတ် အဆောက်အဦ တစ်လုံးအတွင်း ယခင်က သိုဝှက်ထားသော လေကြောင်းရန်ကာကွယ်ရေး ကိရိယာများကို တိုက်ခိုက်ဖျက်ဆီးပစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ |
| | | ရုရှားနိုင်ငံသည် ယူကရိန်းနိုင်ငံ၌ ၎င်း၏ အထူးစစ်ဆင်ရေးကို ဆက်လက်လုပ်ဆောင်လျက်ရှိပြီး ယနေ့အထိ လေယာဉ်အစင်းပေါင်း ၁၂၉ စင်း၊ ရဟတ်ယာဉ် ၉၉ စင်း၊ လေယာဉ်ပစ်ဒုံးကျည်စနစ် ၂၄၃ ခု၊ ဒရုန်းယာဉ် ၄၄၁ စင်း၊ တင့်ကားနှင့် အခြား တိုက်ပွဲဝင်သံချပ်ကာယာဉ် ၂၀၇၉ စင်း၊ လောင်ချာမျိုးစုံ ၂၃၉ လုံး၊ အမြောက်နှင့် စိန်ပြောင်း ၉၀၉ ခု တို့အပြင် စစ်ဘက်သုံးယာဉ်အစင်းပေါင်း ၂၀၀၃ စင်းတို့ကို ဖျက်ဆီးပစ်ပြီးဖြစ်ကြောင်း သိရသည်။ |
| | | ကနေဒါနိုင်ငံအနေဖြင့် ရုရှားကာကွယ်ရေး ကဏ္ဍအပေါ် ပိတ်ဆို့အရေးယူမှုအသစ် ချမှတ်လိုက်ကြောင်း ဧပြီလ (၁၁) ရက်တွင် ကနေဒါနိုင်ငံခြားရေးဝန်ကြီး Melanie Joly က ကြေညာခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အသစ်တစ်ရပ်အရ ယင်းအ စီအမံသစ်များသည် ရုရှားကာကွယ်ရေးကဏ္ဍရှိ အဖွဲ့အစည်း ၃၃ ဖွဲ့အပေါ် ကန့်သတ်ချက်များ ချမှတ်သွားမည်ဖြစ်သည်။ အဆိုပါ အဖွဲ့အစည်းများသည် ရုရှားစစ်တပ်အား သွယ်ဝိုက်ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ ထောက်ပံ့မှုများ ပေးအပ်ခဲ့ကြောင်း ထုတ်ပြန်ချက် အသစ်တွင် ဖော်ပြထားသည်။ ရုရှား-ယူကရိန်း ပဋိပက္ခစတင်သည့် ဖေဖော်ဝါရီလ (၂၄) ရက်မှစတင်ကာ ကနေဒါနိုင်ငံသည် ရုရှား၊ ယူကရိန်းနှင့် ဘီလာရုစ်နိုင်ငံတို့မှ လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်း စုစုပေါင်း ၇၀၀ ကျော်အပေါ် ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။ |
| | | ဂျပန်နိုင်ငံက ရုရှားအပေါ် ဒဏ်ခတ်ပိတ်ဆို့မှု အသစ်များကို အတည်ပြုချမှတ်ခဲ့သည်။ ရုရှားသမ္မတ ဗလာဒီမာပူတင်၏ သမီးနှစ်ဦးအပါအဝင် လူ ၄၀၀ နီးပါး၏ ပိုင်ဆိုင်မှုများကို ထုတ်ယူလွှဲပြောင်းခွင့်ကို ပိတ်ပင်သည့်အပြင် ရင်းနှီးမြှုပ်နှံမှု အသစ်များနှင့် ဗော့ဒ်ကာအရက် တင်သွင်းမှုကိုပါ တားမြစ်ခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်၏ မိသားစုဝင်များကိုလည်း အရေးယူပိတ်ဆို့ခဲ့သည်။ ဂျပန်သည် ရုရှားလူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းပေါင်း ၅၀၀ ကျော်၏ ပိုင်ဆိုင်မှုများကို ယာယီထိန်းချုပ်ထားပြီးဖြစ်သည်။ |
| | | အမေရိကန်နိုင်ငံတောင်ပိုင်း လူဝီစီးယားနားပြည်နယ်၏ အကြီးဆုံးမြို့ဖြစ်သည့် နယူးအော်လင်းမြို့၌ ၇၂ နာရီအတွင်း အနည်းဆုံးလူပေါင်း ၁၈ ဦး သေနတ်ပစ်ခတ်ခံရပြီး ယင်း တို့အနက် အနည်းဆုံး ၅ ဦးသေဆုံးသွားခဲ့ကြောင်း၊ ထိုအရေအတွက်သည် ပြီးခဲ့သော ဆယ်စုနှစ်အတွင်း စံချိန်တင်ပမာဏဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။ |
| | | တောင်ကိုရီးယားနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့ ပူးပေါင်းတပ်ဖွဲ့များသည် နွေရာသီပူးတွဲစစ်ရေးလေ့ကျင့်မှုအတွက် အကြိုစစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြကြောင်း Yonhap သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ ပူးတွဲစစ်ဦးစီးချုပ် (JCS) က ဦးဆောင်ကျင်းပသော ပဋိပက္ခစီမံခန့်ခွဲမှုဆိုင်ရာဝန်ထမ်းလေ့ကျင့်ရေး (CMST) ကို ဖြစ်ပေါ်လာနိုင်သော စစ်ရေးအကြို အရေးပေါ်အခြေအနေများ စီမံခန့်ခွဲမှု၌ပါဝင်ရန် ဧပြီလ |

| | | |
|---|---|---|
| | | (၁၅) ရက်အထိ ပြုလုပ်သွားမည်ဖြစ်သည်။ အကြိုစစ်ရေးလေ့ကျင့်မှုသည် ဧပြီလ (၁၈) ရက်မှ (၂၈) ရက်အထိ ကျင်းပရန် လျာထားသော နွေရာသီကာလ တောင်ကိုရီးယား-အမေရိကန် ကွန်ပျူတာသရုပ်ဖော် ပူးပေါင်းကွပ်ကဲရေးလေ့ကျင့်မှု (CCPT) အကြိုအဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ |
| | | ယူကရိန်းအရှေ့ပိုင်း Donetsk ဒေသကို တိုးချဲ့စစ်ဆင်ရန် ရုရှားတပ်များက ပြင်ဆင်နေချိန်တွင် တောင်ပိုင်းဆိပ်ကမ်းမြို့ Mariupol ကို ထိန်းချုပ်နိုင်ရန် ကြိုးစားနေကြောင်း ယူကရိန်းက ပြောဆိုသည်။ ယူကရိန်းအရှေ့ပိုင်းတွင် လာမည့် ၂ ပတ် ၃ ပတ်အတွင်း တိုက်ပွဲများ ပြင်းထန်လာလိမ့်မည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ကြေညာချက် ထုတ်ပြန်ခဲ့သည်။ |
| | | အိန္ဒိယအနေဖြင့် ရုရှားထံမှ လောင်စာဆီဝယ်ယူမှုများ မပြုလုပ်ရန် အမေရိကန် သမ္မတက အိန္ဒိယအစိုးရထံ ထပ်မံပြောဆိုခဲ့သည်။ |
| | | ယူကရိန်းတွင် ရုရှား၏ စစ်ရေးထိုးစစ်ဆင်မှုများသည် နောက်လာမည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် ရပ်နားပေးတော့မည်မဟုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergei Lavrov က ပြောကြားသည်။ |
| | | ယူကရိန်းတွင် ဖြစ်ပွားနေသည့် စစ်ပွဲအတွင်း အကြမ်းဖက်မှုများ တိုးလာနေပြီး အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် လိင်အကြမ်းဖက်မှု၊ အဓမ္မပြုကျင့်မှုနှင့် လူကုန်ကူးမှု အန္တရာယ်များ တိုးလာနေကြောင်း ကုလသမဂ္ဂက ပြောဆိုသည်။ ယင်းကဲ့သို့သော ကျူးလွန်မှုများအတွက် သီးခြားလွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂအမျိုးသမီးရေးရာ အမှုဆောင်ဒါရိုက်တာ Sima Bahous က လုံခြုံရေးကောင်စီတွင် တင်ပြခဲ့သည်။ |
| | | အင်ဒိုနီးရှား သမ္မတရွေးကောက်ပွဲကို ၂၀၂၄ ခုနှစ်တွင် ကျင်းပရန်ရှိနေသည်ကို ရွှေ့ဆိုင်းနိုင်သည့် အတည်မပြုနိုင်သောသတင်းများ ထွက်လာခဲ့ပြီးနောက် နိုင်ငံတဝန်း ကျောင်းသားထောင်ချီ ဆန္ဒပြခဲ့ကြသည်။ |
| | | ပါကစ္စတန် လွှတ်တော်က Shehbaz Sharif ကို နိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ပြီး ယာယီသမ္မတ Sadiq Sanjrani ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ |
| ၁၃။ | ၁၃ - ၄ - ၂၀၂၂ | တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် တင်းကြပ်သည့် ကိုဗစ်ထိန်းချုပ်မှု နေရာတချို့၌ ပြန်ဖြေလျှော့ပေးမှုများ လုပ်ဆောင်မှုကြောင့် ပထမဆုံး အိမ်ပြင်ပြန်ထွက်နိုင်ပြီ ဖြစ်သည်။ တရုတ်၏ ကိုဗစ်လုံးဝကင်းစင်ရေးမူနှင့် ရှန်ဟိုင်းမြို့ခံများကို သီတင်း ၂ ပတ်ကျော် အိမ်အပြင်ပေးမထွက်ဘဲ ရောဂါစစ်ဆေးခဲ့ခြင်း ဖြစ်သည်။ ကိုဗစ်စည်းကမ်း တင်းကြပ်လွန်းမှုကြောင့် Apple ကုမ္ပဏီ၊ Bosch မော်တော်ကားကုမ္ပဏီနှင့် Pegatron ကော်ပိုရေးရှင်းတို့သည် တရုတ်ရှိ စက်ရုံလုပ်ငန်းများ ရပ်ဆိုင်းခဲ့ရသည်။ |
| | | အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ၃၆ လမ်း Brooklyn ဘူတာရုံ မြေအောက်ရထားဆိုက်လာချိန်တွင် အစိမ်းရောင် အလုပ်သမားဝတ်စုံဖြင့် ဓာတ်ငွေ့ကာမျက်နှာဖုံးတပ် အမျိုးသားတစ်ဦးက ရထားတွဲအတွင်း မီးခိုးဗုံးဖောက်ခွဲပြီး သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လူ ၂၀ ကျော်ဒဏ်ရာရခဲ့သည်။ အဆိုပါ အကြမ်းဖက်တိုက်ခိုက်သူကို သတင်းပေးနိုင်ပါက ဆုငွေဒေါ်လာ ၅ သောင်းချီးမြှင့်မည်ဖြစ်ကြောင်း နယူးယောက် ရဲထောက်လှမ်းရေးအရာရှိချုပ် Jim Essig က ပြောဆိုသည်။ |
| | | ယူကရိန်းနိုင်ငံအတွက် လုံခြုံရေးဆိုင်ရာအကူအညီ ဒေါ်လာသန်း ၇၅၀ အထိ ထပ်မံပေး |

| | | |
|---|---|---|
| | | အပ်ရန် အမေရိကန်က ပြင်ဆင်နေကြောင်း သိရသည်။ ယူကရိန်းသမ္မတ Volodymyr Zelenskyy ကလည်း ရုရှားတပ်များကို ခုခံတွန်းလှန်ရန်အတွက် အကူအညီများ ထပ်ပေးကြရန် ပန်ကြားထားသည်။ အကူအညီပေးမည့် အစီအစဉ် အသေးစိတ်ကို ပြင်ဆင်နေဆဲဖြစ်ပြီး ဟောင်ဝစ်ဇာအမြောက်များအပါအဝင် မြေပြင်ပစ် လက်နက်ကြီးများ ပါဝင်ဖွယ်ရှိကြောင်း ကွန်ဂရက်လွှတ်တော် အကြီးတန်းလက်ထောက်တစ်ဦးက ရိုက်တာ သတင်းဌာနကို ပြောဆိုသည်။ |
| | | အမေရိကန်ပြည်ထောင်စုတွင် ပြီးခဲ့သည့်မတ်လအတွင်းက ကုန်ဈေးနှုန်းများ ၈ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး၊ နှစ်ပေါင်း ၄၀ ကျော်ကာလတွင်း အများဆုံး မြင့်တက်သည့် နှုန်းဖြစ်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်ကြေငြာခဲ့သည်။ အဓိကအားဖြင့် လောင်စာဆီ၊ အိုးအိမ်နှင့် စားသောက်ကုန် ပစ္စည်းဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ |
| | | အင်ဒိုနီးရှားနိုင်ငံတွင် လိင်မှုဆိုင်ရာ အကြမ်းဖက်မှုများကို အရေးယူနိုင်မည့် ဥပဒေမူကြမ်း တစ်ရပ်ကို လွှတ်တော်က အတည်ပြုခဲ့သည်။ လိင်မှုဆိုင်ရာ အကြမ်းဖက်မှု အားလုံးကို ကာကွယ်ရန်နှင့် လိင်မှုဆိုင်ရာ အကြမ်းဖက်ခံရသူများကို ပြုစုစောင့်ရန်၊ အကာကွယ်ပေးရန်နှင့် ပြန်လည်ထူထောင်ပေးရန်အတွက် ယင်းဥပဒေကို ပြဌာန်းခဲ့ခြင်းဖြစ်ကြောင်း အမျိုးသမီးစွမ်းအားမြင့်တင်ရေးနှင့် ကလေးသူငယ်စောင့်ရှောက်ရေးဝန်ကြီး Bintagn Puspayoga ကပြောဆိုသည်။ အင်ဒိုနီးရှားတွင် လိင်မှုဆိုင်ရာ မတော်မတရားပြုမှုကို ပုဂ္ဂိုလ်ရေး ကိစ္စဟုသာ ရှုမြင်ကြပြီး၊ အရေးယူရန် တိုင်တန်းခြင်းကို အားမပေးသည့် နိုင်ငံဖြစ်သည်။ ယခုပြဌာန်းသည့် ဥပဒေအရ လက်ထပ်ထားသူ နှစ်ဦးအကြားဖြစ်စေ၊ လက်မထပ်ထားသူ အကြားဖြစ်စေ လိင်မှုဆိုင်ရာ မတော်မတရားမှု ကျူးလွန်ပါက အမြင့်ဆုံးထောင်ဒဏ် ၁၂ နှစ်အထိ အပြစ်ပေးနိုင်မည်ဖြစ်ပြီး ကလေးငယ်များ အပါအဝင် အတင်းအဓမ္မ လက်ထပ်ထိမ်းမြားစေခြင်းစသည့် အမှုများကို ကျူးလွန်ပါက အမြင့်ဆုံး ထောင်ဒဏ် ၉ နှစ်အထိ အပြစ်ပေးအရေးယူနိုင်မည် ဖြစ်သည်။ |
| | | အမေရိကန် USS Abraham Lincoln လေယာဉ်တင်သင်္ဘောတစ်စင်းသည် ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် တောင်ကိုရီးယားကမ်းရိုးတန်းအနီးကို ရောက်ရှိနေကြောင်း တောင်ကိုရီးယား Yonhap သတင်းအေဂျင်စီက ဖော်ပြသည်။ လေယာဉ်တင်သင်္ဘောနှင့် တိုက်ခိုက်ရေးအုပ်စုသည် တောင်ကိုရီးယားနိုင်ငံ အရှေ့တောင်ပိုင်းမြို့ Ulsan ၏ အရှေ့ပိုင်းကို ဆိုက်ရောက်နေခြင်းဖြစ်ပြီး ၃ ရက်မှ ၅ ရက်ခန့်ထိ ရှိနေနိုင်ကြောင်း ခန့်မှန်းထားကြသည်။ |
| | | ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်နှင့် ဘဏ္ဍာရေးဝန်ကြီးတို့ကို ကိုဗစ်ကာလ ကန့်သတ်ချက်များ ချိုးဖေါက်ပြီး လူစုဝေးသည့်တဲ့ ပါတီပွဲများ တက်ရောက်ခဲ့မှုကြောင့် ဒဏ်ငွေပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်ခံရကြောင်း ဗြိတိန်အစိုးရက ပြောဆိုခဲ့သည်။ “ ရဲဌာနကနေ ဒဏ်ငွေဆောင်ဖို့ အကြောင်းကြားစာကို ရရှိခဲ့ပါတယ်။ ကျနော် ဒဏ်ငွေပေးဆောင်မှာ ဖြစ်သလို၊ ကျနော် အပြည့်အဝ တောင်းပန်အပ်ပါတယ်” ဟု ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်က ပြောဆိုသည်။ |
| ၁၄။ | ၁၄ - ၄ - ၂၀၂၂ | ပင်လယ်နက်ဒေသတွင်း ရုရှားရေတပ်၏ ခရုဇ်မစ်ဖိုင်းဒုံးကျည်များ တပ်ဆင်ထားသည့် Moskva စစ်ရေယာဉ်ပေါ်တွင် လက်နက်ခဲယမ်းများ ပေါက်ကွဲမှုကြောင့် စစ်သင်္ဘော အကြီးအကျယ် ပျက်စီးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ပြောဆိုချက်ကို ကိုးကားကာ Interfax က သတင်းထုတ်ပြန်သည်။ မီးလောင်ကျွမ်းမှုကတဆင့် လက်နက် |

| | | |
|---|---|---|
| | | များ ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်းနှင့် စစ်သင်္ဘောပေါ်မှာပါရှိသည့် ရေတပ်တပ်ဖွဲ့ဝင်များကို ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ ရုရှားစစ်သင်္ဘော Moskva သည် မစ်ဖိုင်းဒုံးကျည်နှစ်စင်း ထိမှန်ခဲ့ကြောင်း ယူကရိန်းအရာရှိများက စောစောပိုင်းက ပြောဆိုထားသော်လည်း သက်သေ အထောက်အထား တိကျစွာ မပြနိုင်သေးပေ။ |
| | | ရုရှားကျူးကျော် တိုက်ခိုက်ခံရသည့် ယူကရိန်းတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရှေးဟောင်း အဆောက်အဦအနည်းဆုံး ၉၈ ခု ပျက်စီးသွားကြောင်းနှင့် ဖျက်ဆီးခံခဲ့ရကြောင်း UNESCO ၏ ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်ဌာန ညွှန်ကြားရေးမှူး Lazare Eloundou Assomo ကပြောကြားခဲ့သည်။ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်အဖြစ် ယူနစ်စကို၏ သင်္ကေတပုံပါ အဆောက်အဦများကိုပါ ပစ်မှတ်ထား တိုက်ခိုက်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်ပြီး စစ်ရာဇဝတ်မှုအဖြစ် မှတ်ယူနိုင်ကြောင်း Assomo က သတိပေးပြောဆိုသည်။ |
| | | တရုတ်အနေဖြင့် ၎င်း၏ သြဇာကိုအသုံးပြုပြီး ရုရှားက ယူကရိန်းကို ကျူးကျော်တိုက်ခိုက်နေသည့် စစ်ပွဲကို အဆုံးသတ်အောင်လုပ်ဆောင်သင့်ကြောင်း အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Janet Yellen က ပြောဆိုသည်။ ယင်းသို့ မလုပ်ဆောင်ပါက တရုတ်သည် ရုရှားစစ်ပွဲကို ဆန့်ကျင်သည့် အမေရိကန်အပါအဝင် မဟာမိတ်နိုင်ငံများ၏ စီးပွားရေးအရ ဆက်ဆံရေးကို ထိခိုက်လိမ့်မည်ဖြစ်ကြောင်း သတိပေးပြောဆိုခဲ့သည်။ |
| | | နယူးယောက်မြို့မြေအောက်ရထားတွင် လူဒါဇင်ချီဒဏ်ရာရစေခဲ့သည့် အသက် ၆၂ နှစ်အရွယ်ရှိ သေနတ်သမား ဖရန့်ဂျိမ်းကို ဖမ်းဆီးမိခဲ့ပြီး၊ အကြမ်းဖက်ဖစ်ခတ်မှုဖြင့် အမှုဖွင့်စွဲဆိုကြောင်း New York Time သတင်းတွင် ဖော်ပြသည်။ ပစ်ခတ်မှုကြောင့်လူ ၁၀ ဦး ထိမှန်ခဲ့ပြီး ၅ ဦး ဒါဏ်ရာ အပြင်းအထန်ရခဲ့သော်လည်း အသက်အန္တရာယ် မစိုးရိမ်ရကြောင်း သိရသည်။ ဖရန့်ဂျိမ်းသည် လူမျိုးရေးအရ ခွဲခြားဆက်ဆံခံရမှု၊ လူမည်းအသိုင်း အဝိုင်းအကြား အကြမ်းဖက်ခံရမှု၊ အိမ်ယာမဲ့ဖြစ်မှုနှင့် နယူးယောက်မြို့တော်ဝန် အဲရစ်အက်ဒမ်၏ မူဝါဒတချို့ကို မနှစ်မြို့သူ ဖြစ်သည်။ |
| | | သမ္မတ Joe Biden နှင့် သမ္မတ ဇလန်းစကီးတို့သည် ၁ နာရီကြာဖုန်းဖြင့် ဆက်သွယ်စကားပြောခဲ့ဆို စဉ်အတွင်း အမေရိကန်မှ ယူကရိန်းအတွက် နောက်ထပ်ဒေါ်လာ သန်း ၈၀၀ တန် ဖိုးရှိ လက်နက်များ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ |
| | | ရုရှား – ယူကရိန်းစစ်ပွဲကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေးအရပျက်စီး ဆုံးရှုံးမည့် အန္တရာယ်အများအပြားရှိနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonyo Guterres က ကမ္ဘာ့ပဋိပက္ခ တုန့်ပြန်ဆောင်ရွက်ရေးအဖွဲ့၏ စီရင်ခံစာ တင်သွင်းပွဲတွင် သတင်းထောက်များကို ပြောဆိုခဲ့သည်။ |
| | | သီရိလင်္ကာဝန်ကြီးချုပ် Mahinda Rajapaksa သည် နိုင်ငံအကျပ်အတည်း ဖြေရှင်းရေး နည်းလမ်းများကို ရှာဖွေနိုင်ရန်အတွက် ဆန္ဒပြအင်အားစု ကိုယ်စားလှယ်များနှင့် ဆွေးနွေးရန် ပြင်ဆင်ထားကြောင်း ဝန်ကြီးချုပ်က သတင်းထောက်များကို ပြောကြားသည်။ |
| ၁၅။ | ၁၅ - ၄ - ၂၀၂၂ | ပင်လယ်နက်အတွင်း ခရုဇ်မစ်ဖိုင်း ဒုံးကျည်များ တပ်ဆင်ထားရှိသည့် ရုရှားစစ်သင်္ဘော Moskav ပျက်စီးနစ်မြုပ်ခြင်းသည် ရုရှားအတွက် အကြီးအကျယ် အထိနာဆုံးရှုံးမည့် လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ယူကရိန်းဖက်မှ ပြောဆိုသည်။ မီးလောင်ပျက်စီးခဲ့သည့် Moskav စစ်သင်္ဘောကို ဆိပ်ကမ်းကိုပြန်ဆွဲနေချိန် ဧပြီလ (၁၄) ရက်တွင် နစ်မြုပ်ခဲ့သည်။ |

| | | |
|---|---|---|
| | | တောင်ပစိဖိတ်ကျွန်းနိုင်ငံ ဆော်လမွန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုက သံတမန်ဆက်ဆံရေးများ တိုးမြှင့်လိုက်ပြီး၊ အကူအညီ အထောက်အပံ့အဖြစ် ကိုဗစ်ကာကွယ်ဆေးများလည်း ကူညီပေးနေကြောင်း သိရသည်။ ဆော်လမွန်နိုင်ငံနှင့် တရုတ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ သဘောတူညီချက်များ ရှိလာနေသည့်အပေါ် စိုးရိမ်မှုများ တိုးလာနေချိန်တွင် အမေရိကန်ပြည်ထောင်စုက ယခုကဲ့သို့ ဆက်ဆံရေး တိုးမြှင့်လိုက်ခြင်းဖြစ်သည်။ အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး Wendy Sherman သည် ဆော်လမွန်ကျွန်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Jeremiah Manele ဖြင့် ဆက်သွယ်ပြီး မြို့တော် Honiara တွင် အမေရိကန်သံရုံး ပြန်လည်ဖွင့်လှစ်ရန် ဆွေးနွေးခဲ့သည်။ |
| | | ရုရှားသမ္မတ Vladimir Putin ၏ နျူကလီယားလက်နက် သုံးမည်ဆိုသည့်စကား ထုတ်ဖော်ပြောဆိုမှုကို လျစ်လျူပြုမထားရန် အမေရိကန် ဗဟိုထောက်လှမ်းရေးအဖွဲ့ CIA အကြီးအကဲ William Burns က သတိပေးပြောဆိုသည်။ |
| | | ဆွီဒင်နှင့် ဖင်လန်နိုင်ငံများက NATO မဟာမိတ်အဖွဲ့မှာ ပူးပေါင်းမည်ဆိုပါက ဥရောပအလယ် အချက်အချာကျသည့် အရပ်တွင် ရုရှားက အသံထက်မြန်သည့် hypersonic မစ်ဇိုင်းဒုံးများနှင့် နျူကလီးယား လက်နက်များချထားရန် လုပ်ဆောင်မည်ဖြစ်ကြောင်း ရုရှားက သတိပေးပြောဆိုခဲ့သည်။ |
| | | ဖိလစ်ပိုင်နိုင်ငံတွင် ဆိုက်ကလုန်းမုန်တိုင်း Megi တိုက်ခတ်ခဲ့သည့်အတွက် မိုးကြီးပြီး ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် စုစုပေါင်း လူ ၁၃၈ ဦးသေဆုံးခဲ့ရသည်။ မုန်တိုင်းဒဏ် ခံခဲ့ရသည့် အထဲတွင် Kantagnos ခရိုင်သည် အဆိုးဆုံးဖြစ်ပြီး လူပေါင်း ၁၆၂၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ဖိလစ်ပိုင်စစ်တပ် တပ်ရင်းတစ်ရင်း၏ လူမှုကွန်ယက်စာမျက်နှာတွင် ဖော်ပြခဲ့သည်။ |
| ၁၆။ | ၁၆ - ၄ - ၂၀၂၂ | အမေရိကန်တွင် ကိုဗစ်ပိုးတွေ့မှု ပြန်လည်မြင့်တက်လာနေသည့်အတွက် လာမည့် သီတင်းပတ်များအတွင်း လှိုင်းတစ်ခု ဖြစ်လာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ယခုသီတင်းပတ်အတွင်း ပျမ်းမျှအားဖြင့် နေ့စဉ်ပိုးတွေ့သူအသစ် ၄၀၀၀၀ နီးပါးရှိကြောင်း Johns Hopkins တက္ကသိုလ်က ထုတ်ပြန်သည်။ |
| | | တရုတ် အာကာသသူရဲကောင်း ၃ ဦးသည် ကမ္ဘာ့ပတ်လမ်းပေါ်က တရုတ်အာကာသစခန်းသစ်တွင် ၆ လကြာ နေထိုင်ပြီး ကမ္ဘာမြေပေါ် ပြန်ဆင်းသက်ခဲ့သည်။ တရုတ်နိုင်ငံ၏ အာကာသအစီအစဉ်အတွက် ၎င်းတို့ ၃ ဦးသည် အာကာသတွင် အကြာမြင့်ဆုံး နေခဲ့သူများအဖြစ် မှတ်တမ်းဝင်ခဲ့ပေသည်။ |
| | | ရုရှားသည် ယူကရိန်းမြို့တော် Kyiv ကို ဒုံးများဖြင့် ပစ်ခတ်သည့်အပြင် အနောက်ပိုင်းမြို့ကြီး Lviv တွင် ဗုံးကြဲတိုက်ခိုက်မှုများကို ပြင်းပြင်းထန်ထန် လုပ်ဆောင်ခဲ့သည်။ |
| | | ပြင်သစ်အစိုးရအနေဖြင့် ပြင်သစ်နိုင်ငံကို ရောက်ရှိလာသည့် ယူကရိန်းဒုက္ခသည်များကို အရေးပေါ် ယာယီတည်းခိုရန်နေရာများ စီစဉ်ထားရှိပြီးနောက် နေထိုင်ရေးနှင့် မိသားစုအတွက် အထောက်အပံ့များ ရရှိအောင်စီစဉ်ပေးသွားမည်ဖြစ်ကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနက ပြောဆိုသည်။ အိုးအိမ်မဲ့ဖြစ်ရသည့် ယူကရိန်းဒုက္ခသည်များကို အိုးအိမ်ရရှိရန်၊ မိသားစုအထောက်ပံ့ ရရှိရန်၊ မိသားစုဆက်လက် ရှင်သန်နိုင်ရန် အထောက်အပံ့များကို ရယူခံစားခွင့်ပေးသွားမည် ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။ ယူကရိန်းစစ်ပွဲ စတင်ခဲ့သည့်အချိန်မှစတင်ချိန်မှ ပြင်သစ်ထံ ယူကရိန်းဒုက္ခသည် ၅ သောင်း ၇ ထောင်ကျော်ရောက်ရှိခဲ့သည်။ ယင်းအနက် ၄ သောင်း ၁ ထောင်ကျော်ကို ယာယီကာကွယ် စောင့်ရှောက်မှု ခံစားခွင့်ပေးထားပြီး ဖြစ် |

| | | |
|---|---|---|
| | | သည်။ ထို့ပြင် ယူကရိန်းကလေးငယ် ၁ သောင်း ၁ ထောင်ကျော်သည် ပြင်သစ်ကျောင်းများတွင် လက်ခံအပ်နှံထားပြီး၊ အရွယ်မရောက်သေးသည့် ကလေးငယ်များကို နေ့ကလေးထိန်းကျောင်း အခမဲ့ထားခွင့်လည်းပြုထားကြောင်း သိရသည်။ |
| ၁၇။ | ၁၇ - ၄ - ၂၀၂၂ | နျူကလီးယားထိပ်ဖူး သယ်ဆောင်နိုင်သည့် နည်းပရိယာယ်ပိုင်းဆိုင်ရာ လက်နက်ပုံစံအသစ်တစ်ရပ်ဖြစ်သည့် တာတိုပစ်ဒုံးကျည် ၂ စင်း ပစ်လွှတ်မှုကို စမ်းသပ်ပစ်လွှတ်ရာတွင် မြောက်ကိုရီးယားခေါင်းဆောင် Kim Jong Un က ကြည့်ရှုခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံတော်ပိုင်မီဒီယာက ဖော်ပြခဲ့သည်။ မြောက်ကိုရီးယား၏ နည်းပရိယာယ်ပိုင်းဆိုင်ရာ နျူကလီးယားစစ်ဆင်ရေး ထိရောက်ရန်အတွက် ပစ်အားကို မတူကွဲပြား ခွဲဖြန့်နိုင်ရေးသည် အရေးကြီးကြောင်း သတင်းတွင် ပြောဆိုသည်။ ယင်းဒုံးကျည်များသည် အမြင့် ၂၅ ကီလိုမီတာ အမြင့်ထိ ပျံသန်းကာ အကွာအဝေး ကီလို ၁၁၀ မီတာ ရောက်ရှိခဲ့ကြောင်း တောင်ကိုရီးယားစစ်တပ်က ပြောခဲ့သည်။ မြောက်ကိုရီးယားသည် ယခုနှစ်အတွင်း ဒုံးလက်နက် ပစ်လွှတ်စမ်းသပ်မှု ၁၄ ကြိမ် ရှိပြီဖြစ်သည်။ |
| | | အမေရိကန်စစ်တပ်သည် ယူကရိန်းတွင် ဖြစ်ပျက်နေမှုများကို သင်ခန်းစာယူကာ စစ်သည်များကို လေ့ကျင့်ပြင်ဆင်ပေးနေကြောင်း စစ်တပ်၏ အတွင်းရေးမှူး Christine Wormuth က ပြောဆိုသည်။ ရုရှား၏ လက်နက်ပစ္စည်းများ၊ ထောက်ပံ့ပြဿနာများ၊ ဆက်သွယ်ဆက်ဆံရေးနှင့် အင်တာနက်အသုံးပြုမှုဆိုင်ရာ ကိစ္စများကိုပါ သင်ခန်းစာယူကာ အမေရိကန်စစ်သည်များသည် ကာလီဖိုးနီးယားနှင့် တက္ကဆက်ပြည်နယ်တွင်ရှိသည့် စစ်ရေးလေ့ကျင့်ရေးစခန်းများနှင့် သဲကန္တာရတွင် လေ့ကျင့်နေပေသည်။ |
| | | ယူကရိန်းနိုင်ငံ၏ မြို့တော် Kyiv နှင့် တခြားမြို့ကြီးများသည် ရုရှား၏ ဒုံးကျည်တိုက်ခိုက်မှုကို ခံခဲ့ရကြောင်း၊ ယူကရိန်းဆိပ်ကမ်းမြို့ဖြစ်သည့် Mariupol မြို့၏ အခြေအနေသည် ဆိုးရွားနေကြောင်း ယူကရိန်းသမ္မတ Volodymyr Zelenskyy က ပြောဆိုသည်။ Mariupol မြို့၏ အခြေအနေများသည် ခက်ခဲနေကြောင်း၊ စစ်သည်များနှင့် ဒဏ်ရာရရှိသူများသည်လည်း ပိတ်ဆို့ခံထားရပြီး လူသားချင်း စာနာထောက်ကူမှုဆိုင်ရာ အခက်အခဲ ပြဿနာဖြစ်နေကြောင်း၊ သို့သော်လည်း ယူကရိန်းစစ်သည်များ အနေဖြင့် နောက်ဆုံးအချိန်အထိ ခုခံကြမည်ဟု သမ္မတက သတင်းထောက်များကို ပြောဆိုခဲ့သည်။ |
| | | ဗြိတိန်ဝန်ကြီးချုပ် Boris Johnson၊ နိုင်ငံခြားရေးဝန်ကြီး Liz Truss၊ ကာကွယ်ရေးဝန်ကြီး Ben Wallace အပါအဝင် တခြားသော ဗြိတိန်အစိုးရ အဖွဲ့ဝင်များနှင့် နိုင်ငံရေးသမား ၁၀ ဦးကို ပြည်ဝင်ခွင့် တားမြစ်ကြောင်း ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ |
| | | စင်ကာပူဝန်ကြီးချုပ် Lee Hsien Loong က ၎င်း၏ နေရာကို ဆက်ခံရန် တာဝန်ယူမည့်သူသည် ဘဏ္ဍာရေးဝန်ကြီး Lawrence Wong ဖြစ်ကြောင်း ထုတ်ပြန် ပြောဆိုခဲ့သည်။ Wong ကို စင်ကာပူအာဏာရ ပြည်သူ့လုပ်ရှားမှုပါတီ (PAP) ၏ စတုတ္ထမျိုးဆက်အဖွဲ့ခေါင်းဆောင်အဖြစ် ဧပြီလ (၁၄) ရက်နေ့တွင် ရွေးချယ်ခဲ့သည်။ |
| ၁၈။ | ၁၈ - ၄ - ၂၀၂၂ | အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ပစ်တ်စ်ဘာ့ခ်မြို့ရှိ နေအိမ်တစ်ခု၌ ဧပြီလ (၁၇) ရက် အစောပိုင်းက ပါတီပွဲကျင်းပခဲ့ရာ သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ပြီး အရွယ်မရောက်သေးသူ ၂ ဦး သေဆုံးကာ အခြားသူ ၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ငှားရမ်းထားသော အဆောက်အဦတစ်ခုအတွင်း ပြုလုပ်သည့် ပါတီကို လူပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့သည်။ ညသန်းခေါင်ယံထိပါတီ ကျင်းပပြီးနောက် မကြာမီတွင် သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ပါတီတက်ရောက်သူများ၌ အသက် |

| | | |
|---|---|---|
| | | မပြည့်သေးသောသူ များစွာပါဝင်ကြောင်း ရဲတပ်ဖွဲ့က ဆိုသည်။ |
| | | သီရိလင်္ကာနိုင်ငံတွင် လွန်ခဲ့သည့် ၃ နှစ်ကျော်က လူပေါင်း ၂၆၀ ကျော် သေဆုံးခဲ့ရသော IS ၏ လှုံ့ဆော်မှုဖြင့် ဗုံးခွဲတိုက်ခိုက်သူများကို ဖော်ထုတ်အရေးယူရန် နှေးကွေးနေသည့် အပေါ် သမ္မတ Gotabaya Rajapaksa နုတ်ထွက်ရေး တောင်းဆိုဆန္ဒပြနေသူများက ဝေဖန်ထောက်ပြခဲ့သည်။ စီးပွားရေးအကျပ်အတည်းကြောင့် ပြဿနာတက်နေသည့် သီရိလင်္ကာအစိုးရအတွက် ဖိအားပိုမိုကြီးထွားလာစေခဲ့သည်။ |
| | | IS စစ်သွေးကြွအဖွဲ့ ခေါင်းဆောင် Abu Ibrahim al-Qurashi နှင့် IS အဖွဲ့ ပြောခွင့်ရ ဟောင်းတို့ အသတ်ခံခဲ့ရသည့်အတွက် လက်စားချေသည့်အနေဖြင့် ယူကရိန်းစစ်ပွဲကို အသုံးချပြီး ဥရောပဒေသတွင် တိုက်ခိုက်ကြရန် IS အဖွဲ့က ယင်းနောက် လိုက်များကို ပြောဆိုခဲ့သည်။ ဥရောပဒေသ၌ တိုက်ခိုက်မှုများ ပြန်လုပ်ရန်ပြောဆိုမှုကို IS အဖွဲ့များ အနေဖြင့် ထောက်ခံလျက်ရှိပေသည်။ |
| | | အာဖဂန်နစ္စတန် အရှေ့ပိုင်းရှိ ခိုစ်နှင့် ကူနာပြည်နယ်တို့တွင် ပါကစ္စတန်စစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၄၇ ဦးထက်မနည်း ရှိလာခဲ့ပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ ပါကစ္စတန်နိုင်ငံတွင် တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်လာနေသည့် ပါကစ္စတန်နွယ်ဖွား တာလီဘန်စစ်သွေးကြွများကို အာဖဂန်နစ္စတန်တွင်း ခိုအောင်းခွင့်မပေးရန် ပါကစ္စတန်အစိုးရက တောင်းဆိုခဲ့သည်။ |
| | | G-7 စက်မှုထိပ်သီး ၇ နိုင်ငံအနေဖြင့် ယူကရိန်းကို ဒေါ်လာငွေ ဘီလီယံ ၅၀ အကူအညီပေးရန် ယူကရိန်းသမ္မတ Volodymyr Zelenskyy ၏ စီးပွားရေးအကြံပေး Oleh Ustenko က ပန်ကြားခဲ့သည်။ စစ်ပွဲကြောင့် ယူကရိန်း၏ ရသုံးငွေစာရင်းသည် နောက် ၆ လအတွင်း လိုငွေပြနေသည့်အတွက် ယင်းကို ကာမိစေရန် G-7 နိုင်ငံများကို ယူကရိန်းသမ္မတက အကူအညီ တောင်းခံခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံတော် ရုပ်သံကနေ၍ ပြောဆိုခဲ့ခြင်း ဖြစ်သည်။ |
| | | ယူကရိန်းနိုင်ငံ၏ မဟာဗျူဟာကျဆိပ်ကမ်းမြို့ Mariupol ကို ယူကရိန်းတို့ ထိန်းချုပ်ထားဆဲဖြစ်ကြောင်း ယူကရိန်းဝန်ကြီးချုပ် Denys Shmyhal က အမေရိကန် ရုပ်သံ ABC မေးမြန်းခန်းတွင် ပြောကြားသည်။ ရုရှားတပ်များ ဝိုင်းထားသည့် Mariupol ရှိ ယူကရိန်းတိုက်ခိုက်ရေးသမားများကို လက်နက်ချရန် ရုရှားဘက်က ပြောဆိုမှု သတ်မှတ်ချိန် ကျော်လွန်သွားပြီးနောက်တွင် ဝန်ကြီးချုပ်က ပြောဆိုခဲ့ခြင်းဖြစ်သည်။ ယူကရိန်းဝန်ကြီးချုပ် Shmyhal က စစ်ပွဲရပ်တန့်ရေးအတွက် ဖြစ်နိုင်ပါက သံတမန်ရေးအရ အဖြေရှာရေးကိုသာ ယူကရိန်းက လိုလားကြောင်း ပြောကြားသည်။ |
| | | ပစိဖိတ်ကျွန်းနိုင်ငံဖြစ်သည့် ဆော်လမွန်ကျွန်းစုနှင့် တရုတ်နိုင်ငံတို့အကြား အငြင်းပွားဖွယ် လုံခြုံရေး သဘောတူညီချက်ကြောင့် ဩစတြေးလျနှင့် ဆော်လမွန် ကျွန်းစုတို့၏ ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို အဆုံးသတ်မည် မဟုတ်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီးက ဧပြီလ (၁၇) ရက်တွင် ပြောကြားခဲ့သည်။ |
| | | ဆော်ဒီအာရေဗျသည် ယီမင်သမ္မတ နုတ်ထွက်ရေးအတွက် ယခုလအစောပိုင်းတွင် တွန်းအားပေးလုပ်ဆောင်ခဲ့ပြီး တာဝန်ရှိသူများကလည်း ယီမင်သမ္မတကို ၎င်း၏နေအိမ်တွင် အကန့်အသတ်ဖြင့် ထားရှိကာ ၎င်း၏ ဆက်သွယ်ပြောဆိုမှုများကိုလည်း ကန့်သတ်ခဲ့သည်ဟု ဝေါလစထရိဂျာနယ်တွင် ဖော်ပြခဲ့သည်။ |
| ၁၉။ | ၁၉ - ၄ - ၂၀၂၂ | အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် Vandenberg အာကာသတပ်ဖွဲ့ အခြေစိုက်စခန်းတွင် အမျိုးသားအာကာသကောင်စီဥက္ကဋ္ဌ အမေရိကန် ဒုတိယသမ္မတ Kamala |

| | | |
|---|---|---|
| | | Harris က ဂြိုဟ်တုပစ်ဒုံးကျည်ကို စမ်းသပ်မည်မဟုတ်ကြောင်း ဧပြီလ (၁၈) ရက်တွင် ကြေညာခဲ့သည်။ |
| | | ဝါရှင်တန်ဒီစီတွင် ကျင်းပမည့် နိုင်ငံတကာငွေကြေးရံပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်တို့၏ အစည်းအဝေး၌ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး Janet Yellen သည် ယူကရိန်းဝန်ကြီးချုပ်နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း သိရသည်။ |
| | | ယူကရိန်းသမ္မတ Volodymyr Zelenskyy က အီးယူ ဥရောပသမဂ္ဂအဖွဲ့အတွင်း ဝင်ရောက်ရန်အတွက် လျှောက်လွှာဖြည့်ပြီး Kyiv ကိုရောက်နေသည့် ယူကရိန်းဆိုင်ရာ အီးယူသံအမတ်ကြီး Matti Maasikas ကို ပေးအပ်ခဲ့ကြောင်း သိရသည်။ |
| | | သီရိလင်္ကာနိုင်ငံမှာ အသစ်ခန့်အပ်သည့် အစိုးရဝန်ကြီးသစ် ၁၇ ဦးနှင့် နာမည်စာရင်းများကို သမ္မတ Gotabaya Rajapaksa ကြေငြာခဲ့သည်။ |
| | | အမေရိကန်၏ ပထမဆုံးစစ်ရေးအကူအညီသစ်များသည် ယူကရိန်းနယ်စပ်ကို ရောက်ရှိသွားပြီဖြစ်ရာ ရုရှားကျူးကျော်မှုကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည့် ယူကရိန်းထံ အဆိုပါ လက်နက်များကို လွှဲပြောင်းပေးမည်ဟု ဧပြီလ (၁၈) ရက်တွင် ပင်တဂွန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ အမေရိကန်သည် ရဟတ်ယာဉ်များ၊ ဟောင်ဝဇ်ဇာအမြောက်များနှင့် သံချပ်ကာယာဉ်များအပါအဝင် ယူကရိန်းအတွက် စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကို ဧပြီလ (၁၃) ရက်တွင် အတည်ပြုခဲ့သည်။ ယခုစစ်ရေး အကူအညီထဲတွင် ၁၅၅ မမ ဟောင်ဝဇ်ဇာအမြောက် ၁၈ လက် ပထမဆုံးအကြိမ် ပါဝင် လာသည့်အပြင် အမြောက်ကျည်ဆန် ၄၀၀၀၀၊ M113 သံချပ်ကာ ယာဉ် ၂၀၀၊ Mi-17 ရဟတ်ယာဉ် ၁၁ စင်း၊ ဘက်စုံသုံးသံချပ်ကာယာဉ် ၁၀၀ တို့လည်း ပါဝင်သည်။ |
| ၂၀။ | ၂၀ - ၄ - ၂၀၂၂ | အမေရိကန်နိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ချင်ကန်းက အမေရိကန်-တရုတ် ဆက်ဆံရေး ရှုပ်ထွေးစေရေး ယူကရိန်းအကျပ်အတည်းကို အကြောင်းပြချက် တစ်ခုအဖြစ် အသုံးချလုပ်ဆောင်ခြင်း မပြုရန်နှင့် ထိုသို့လုပ်ဆောင်ခြင်းဖြင့် မည်သူ တစ်ဦးတစ်ယောက်အတွက်မျှ ယခု သို့မဟုတ် နောင်အနာဂတ်အတွက်ပါ ကောင်းမွန်မည် မဟုတ်ကြောင်း သတိပေးပြောကြားသည်။ ဧပြီလ (၁၈) ရက်ထုတ် အမျိုးသားအကျိုးစီးပွား မဂ္ဂဇင်း (The National Interest magazine) တွင် ဖော်ပြပါရှိသော ဆောင်းပါးတစ်ပုဒ်၌ သံအမတ်ကြီးချင်က ပြီးခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း တရုတ်နှင့် ရုရှားနှစ်နိုင်ငံဆက်ဆံရေးသည် ကြီးမားသောတိုးတက်မှု ရရှိပိုင်ဆိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံသည် မဟာမိတ်များ မဟုတ်ကြောင်းနှင့် ၎င်းတို့၏ ဆက်ဆံရေးသည် အခြားတတိယနိုင်ငံတစ်ခုကို ပစ်မှတ်ထားခြင်း မဟုတ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ |
| | | ရုရှားတပ်များဝိုင်းထားသည့် ယူကရိန်းနိုင်ငံ၊ Mariupol မြို့အတွင်းရှိ အရပ်သားများကို ကယ်ထုတ်ရန် ရုရှားနှင့် ကနဦးသဘောတူညီချက်တစ်ခု ရပြီဖြစ်ကြောင်း ယူကရိန်း အစိုးရက ပြောဆိုခဲ့သည်။ လူသားချင်းစာနာမှု လမ်းကြောင်းဆိုင်ရာ သဘောတူညီချက်အရ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ မြို့မှ ထွက်ခွင့်ရမည်ဖြစ်ကြောင်း ယူကရိန်းဒုတိယဝန်ကြီးချုပ် Iryna Vereshchuk ကပြောဆိုသည်။ ရုရှားနိုင်ငံက Mariupol မြို့တွင် ကျန်နေသေးသည့် ယူကရိန်းတပ်ဖွဲ့များ လက်နက်ချရန် ထပ်မံတောင်းဆိုခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုနှင့် စစ်ပွဲယာယီရပ်ဆိုင်းရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterres က ပန်ကြားခဲ့သည်။ |
| | | တောင်ကိုရီးယား၏ ရွေးကောက်ခံသမ္မတ Yoon Suk-yeol သည် မြောက်ကိုရီးယား |

| | | |
|---|---|---|
| | | ဆိုင်ရာ အမေရိကန်အထူးသံတမန် Sung Kim နှင့် တွေ့ဆုံခဲ့သည်။ အထူးကိုယ်စားလှယ် Sung Kim သည် လက်ရှိသမ္မတ Moon Jae-in အပါအဝင် နောက်တက်မည့် အစိုးရအဖွဲ့သစ်မှ အဖွဲ့ဝင်များကိုလည်း တွေ့ဆုံဆွေးနွေးမည် ဖြစ်သည်။ |
| | | ယူကရိန်း နိုင်ငံအပေါ် ရုရှား၏ ကျူးကျော်မှုကြောင့် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှု နှေးကွေးသွားနိုင်ကြောင်း နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) က အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ စစ်ပွဲကြောင့် စီးပွားရေးအပေါ် ရိုက်ခတ်သက်ရောက်မှုများသည် ကြီးမားကျယ်ပြန့်လာနေကြောင်းနှင့် ကုန်သွယ်ရေးတွင် အဟန့်အတား ဖြစ်စေပြီး စားနပ်ရိက္ခာနှင့် စက်သုံးဆီ ဈေးနှုန်းကြီးမြင့်မှုတို့သည် စစ်ပွဲကြောင့် ပိုပြီးဆိုးရွားခဲ့ကြောင်း IMF အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ |
| | | ယူကရိန်း အရှေ့ပိုင်းတွင် ထိုးစစ်အသစ် စတင်ကြောင်း ရုရှားတာဝန်ရှိသူများက ကြေညာချိန်တွင် အမေရိကန်နှင့် NATO မဟာမိတ်များက ရုရှားအစိုးရအပေါ်မှာ တိုးမြှင့်ဖိအားပေးသွားမည်ဖြစ်ကြောင်း အမေရိကန် သမ္မတ Joe Biden က ပြောဆိုခဲ့သည်။ ဗြိတိန်၊ ကနေဒါ၊ ဥရောပကော်မရှင်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ ဂျပန်၊ NATO ၊ ပိုလန်၊ ရိုမေးနီးယား ခေါင်းဆောင်များနှင့် သမ္မတ Biden သည် ဖုန်းဆက်ဆွေးနွေးခဲ့ပြီး တစ်စုတစ်စည်းတည်း ရှိနေစေရေး ဆောင်ရွက်မှုဖြစ်ကြောင်း သမ္မတက New Hampshire ကို ပြောဆိုခဲ့သည်။ |
| | | တရုတ်သည် ထိုင်ဝမ်ကို တိုက်ခိုက်နေကြောင်း မှားယွင်းသည့် တပ်လှန့်နှိုးဆော်မှုများ ဆက်တိုက် ထုတ်လွှင့်ခဲ့မှုကြောင့် အများပြည်သူအကြား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်စေခဲ့သည့်အတွက် ထိုင်ဝမ်ရုပ်သံဌာနတစ်ခုက ပြန်လည်တောင်းပန်ခဲ့သည်။ တိုင်ပေအခြေစိုက် တရုတ်ရုပ်သံစနစ် (CTS) က ထုတ်လွှင့်သည့် သတိပေး နှိုးဆော်ချက်များတွင် “နယူးတိုင်ပေမြို့ကို တရုတ်ကွန်မြူနစ် စစ်တပ်၏ ပဲ့ထိန်းဒုံးကျည်များ ထိမှန်ခြင်း” နှင့် “တိုင်ပေဆိပ်ကမ်းရှိ ရေယာဉ်များ ပေါက်ကွဲခြင်း၊ အဆောက်အဦများနှင့် သင်္ဘောများ ထိခိုက်ပျက်စီးခဲ့ခြင်း” အစရှိသည့် ထုတ်လွှင့်ချက်များ အပါအဝင် သတိပေးချက်အချို့ကို ရုပ်သံတွင် ဆက်တိုက်ထုတ်လွှင့်ခဲ့ခြင်း ဖြစ်သည်။ အချို့သတိပေးချက်များတွင် “ကွန်မြူနစ် တရုတ်၏ မကြာခဏ စစ်ရေးပြင်ဆင်မှုများ၊ သမ္မတက အရေးပေါ် အခြေအနေထုတ်ပြန်” နှင့် “စစ်ဖြစ်တော့မည်၊ နယူးတိုင်ပေမြို့တွင် ပူးတွဲအရေးပေါ်ဌာနနှင့် ထိန်းချုပ်ရေးစင်တာဖွင့်လှစ်” အစရှိသည့် စာသားများကို ရုပ်သံမျက်နှာပြင်ပေါ်တွင် သတိပေးဖော်ပြခဲ့သည်။ |
| ၂၁။ | ၂၁ - ၄ - ၂၀၂၂ | ယူကရိန်းတပ်ဖွဲ့များ နောက်ဆုံးခြေကုတ်ယူထားသည့် Mariupol မြို့ရှိ သံမဏိစက်ရုံရှိရာဒေသကို ရုရှားတပ်ဖွဲ့တွေ ဝင်မတိုက်ရန် သမ္မတ Vladimir Putin က ညွှန်ကြားခဲ့သည်။ |
| | | ဧပြီလ (၂၀) ရက်တွင် ရရှိသောစာရင်းအရ အမေရိကန်တွင် COVID-19 ကပ်ရောဂါအတည်ပြု လူနာပေါင်း ၈၀.၈ သန်း ကျော်သွားပြီဖြစ်ပြီး ကိုဗစ်ကြောင့် သေဆုံးသူဦးရေ ၉၉၀၀၀၀ ကျော်သွားပြီဖြစ်ကြောင်း Johns Hopkins ဆေးတက္ကသိုလ်က ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်တွင် အမေရိကန်နိုင်ငံတဝန်းလုံးတွင် ကိုဗစ်ကာကွယ်ဆေး အလုံးပေါင်း ၅၆၈ ဒသမ ၂၆ သန်း ထိုးပေးပြီးပြီကြောင်းနှင့် ကိုဗစ်ကူးစက်ခံရသူ အားလုံး၏ ၁၉ ရာခိုင်နှုန်းသည် ကလေးငယ်များဖြစ်ကြောင်း သိရသည်။ |
| | | ဗြိတိန်လန်ဒန်မြို့တော်ပိုင်းတွင် ကျင်းပမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲတွင် ရုရှားနှင့် ဘဲလာရုစ် အားကစားသမားများ ပါဝင်ခွင့်တားမြစ်လိုက်ကြောင်း အားကစားပွဲ တာဝန်ရှိသူများက |

| | | |
|---|---|---|
| | | ကြေညာခဲ့သည်။ |
| | | အရှေ့တီမောနိုင်ငံတွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲရလဒ်အရ အရှေ့တီမော လွတ်မြောက်ရေး ခေါင်းဆောင်ဟောင်း Jose Ramos Horta သည် ဒုတိယအကြိမ် သမ္မတဖြစ်လာမည့် အလားအလာရှိနေသည်။ ပဏာမ မဲရေတွက်မှုရလဒ်များအရ အသက် ၇၂ နှစ်အရွယ်ရှိပြီဖြစ်သည့် Jose Ramos Horta သည် မဲအရေအတွက် ၆၀ ရာခိုင်နှုန်းကျော် ရရှိထားပြီး ၎င်း၏ပြိုင်ဘက် လက်ရှိသမ္မတ Francisco Guterres က မဲအရေအတွက် ၃၇ ရာခိုင်နှုန်း ရရှိထားသည်။ |
| | | သီရိလင်္ကာနိုင်ငံတွင် ရဲနှင့် ဆန္ဒပြသူများအကြား အဓိကရုန်းများ ဖြစ်ပွားခဲ့ပြီး ဆန္ဒပြသူတစ်ဦး သေဆုံးခဲ့ရပြီး ၁၃ ဦး ဒါဏ်ရာရရှိခဲ့သည်ကို စုံစမ်းစစ်ဆေးသွားရမည်ဖြစ်ကြောင်း သီရိလင်္ကာအာဏာပိုင်များက ကတိပြုပြောဆိုခဲ့သည်။ မြို့တော် ကိုလံဘို၏ အရှေ့မြောက်ဘက် ၅၅ မိုင်အကွာတွင်ရှိသည့် Rambukkana မြို့တွင် ဆန္ဒပြသူများက လောင်စာဆီတင်ထားသည့် ယာဉ်ဖြင့် ရထားလမ်းကို ပိတ်ဆို့ထားသည်။ |
| | | အမေရိကန်တွင် သမ္မတ Joe Biden အစိုးရတက်လာပြီးနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin သည် တရုတ် ကာကွယ်ရေးဝန်ကြီးနှင့် တယ်လီဖုန်းဆက်ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ ကာကွယ်ရေးဆိုင်ရာ ဆက်ဆံရေးနှင့် ဒေသတွင်း လုံခြုံရေးကိစ္စများအပြင် ယူကရိန်းအပေါ် ရုရှားက တဖက်သတ်ရန်လိုတိုက်ခိုက်ခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း သိရသည်။ |
| | | ယူကရိန်းနှင့် ရုရှားနှစ်နိုင်ငံအကြား ငြိမ်းချမ်းရေးလမ်းစ ရှာနိုင်ရန်အတွက် ရုရှားသမ္မတ Vladimir Putin၊ ယူကရိန်းသမ္မတ Volodymyr Zelenskiy တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးလိုကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် Antonio Guterres က စာပေးပို့အကြောင်းကြားခဲ့သည်။ Moscow နှင့် Kyiv မြို့တော်များတွင် သီးခြားစီ တွေ့ဆုံလိုကြောင်း ကုလသမဂ္ဂဆိုင်ရာ ရုရှားနှင့် ယူကရိန်းကိုယ်စားလှယ်အဖွဲ့ထံ စာပေးပို့အကြောင်းကြားခဲ့ခြင်းဖြစ်သည်။ |
| | | တရုတ်အနေဖြင့် တစ်ဖက်သတ် ဒဏ်ခတ်ပိတ်ဆို့မှုများနှင့် စီရင်ပိုင်ခွင့် ကျော်လွန်လုပ်ဆောင်ခြင်းတို့ကို ဆန့်ကျင်ကြောင်း တရုတ်သမ္မတ ရှီကျင်းပင်က ဧပြီလ (၂၁) ရက်တွင် ပြောကြားခဲ့သည်။ တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ကျွန်းတွင် ပြုလုပ်သည့် နှစ်စဉ်ကျင်းပမြဲ Boao Forum for Asia အစည်းအဝေး၌ ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြားရာတွင် သမ္မတရှီက ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ထို့အပြင် စီးပွားရေးအရ အဆက်အသွယ် ဖြတ်တောက်ခြင်းနှင့် ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက်ကို ဖြတ်တောက်ခြင်းကဲ့သို့ ဖိအားပေးသည့် နည်းဗျူဟာများသည် ထိရောက်မည်မဟုတ်ကြောင်း ၎င်းက သတိပေးခဲ့သည်။ |
| | | ဆာမတ်တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်ကို စမ်းသပ်ခဲ့သည်ဟု ဧပြီလ (၂၀) ရက်တွင် ရုရှားအစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်းသည် ရုရှား၏ နျူကလီးယား လက်နက်တိုက်အတွက် ကာလရှည်စောင့်ဆိုင်းခဲ့ရသော လက်နက်သစ်ဖြည့်စွက်မှု ဖြစ်လာပြီး သမ္မတပူတင်က မော်စကို၏ ရန်သူများ ရပ်တန့်၍ စဉ်းစားရမည့် အနေအထား ဖြစ်လာစေမည်ဟု ပြောကြားခဲ့သည်။ ဒုံးကျည်ကို ရုရှား အနောက်မြောက်ပိုင်း Plesetskမှ ပစ်လွှတ်ခြင်းဖြစ်ပြီး အရှေ့ဖျား ကမ်ချက်ကာ ကျွန်းဆွယ်ရှိ ပစ်မှတ်များကို ထိမှန်ခဲ့သည်ဟု စစ်တပ်က ပြောဆိုခဲ့သည်။ |
| ၂၂။ | ၂၂ - ၄ - ၂၀၂၂ | အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသည့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်စ်ဂျွန်ဆင်သည် အိန္ဒိယ |

| | | |
|---|---|---|
| | | ဝန်ကြီးချုပ် မိုဒီနှင့် နယူးဒေလီမြို့တော်တွင် တွေ့ဆုံခဲ့သည်။ ဗြိတိန်ဝန်ကြီးချုပ်၏ နှစ်ရက်ကြာ အိန္ဒိယခရီးစဉ် နောက်ဆုံးနေ့မှာတော့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို အဓိကဆွေးနွေးကြမည်ဖြစ်သည်။ |
| | | ရုရှနိုင်ငံဆိုင်ရာ လတ်ဗီးယား၊ အက်စ်တိုးနီးယားနှင့် လစ်သူယေးနီးယားနိုင်ငံ ကောင်စစ်ဝန်ရုံးများ၏ အလုပ်လုပ်ကိုင်ခွင့်ကို ရုရှားနိုင်ငံက ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီလ (၂၁) ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ၎င်းတို့နိုင်ငံ၏ အချို့မြို့များရှိ ရုရှားကောင်စစ်ဝန်ချုပ်ရုံးများနှင့် ကောင်စစ်ဝန်ရုံးများကို ပိတ်လိုက်သည့်အပြင် သုံးနိုင်ငံအစိုးရမှ ယူကရိန်းအတွက် စစ်ဘက်ဆိုင်ရာ အကူအညီများ ပံ့ပိုးနေခြင်းကြောင့် လက်တုံ့ပြန်အနေဖြင့် ရုရှားက စိန့်ပီတာစဘတ်မြို့ရှိ သုံးနိုင်ငံ ကောင်စစ်ဝန်ရုံးချုပ်၊ Pskov ရှိ လတ်ဗီးယားနိုင်ငံ ကောင်စစ်ဝန်ရုံးနှင့် Pskov ရှိ အက်စ်တိုးနီးယားနိုင်ငံကောင်စစ်ဝန်ရုံးတို့၏ အလုပ်လုပ်ပိုင်ခွင့်ကို ဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ |
| | | ယူကရိန်းနိုင်ငံအတွက် လစာနှင့် ပင်စင်လစာများ၊ အစိုးရလုပ်ငန်းများအတွက် သုံးစွဲနိုင်ရန် ဘဏ္ဍာရေးအကူအညီအဖြစ် နောက်ထပ် ဒေါ်လာသန်း ၅၀၀ ပေးအပ်မည် ဖြစ်ကြောင်း အမေရိကန်က ကြေညာသည်။ |
| | | ရုရှားတပ်ဖွဲ့သည် ယူကရိန်းစစ်ဘက်ဆိုင်ရာပစ်မှတ် ၆၄ ခုကို ဖျက်ဆီးခဲ့ပြီး ရုရှားဒုံးကျည်များနှင့် အမြောက်တပ်မက ယူကရိန်း စစ်ဘက်ဆိုင်ရာပစ်မှတ် ၄၅၀ ခုကို တိုက်ခိုက်ခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Konashenkov က ပြောကြားခဲ့သည်။ ရုရှားအထူးစစ်ဆင်ရေး လုပ်ဆောင်ပြီး နောက်ပိုင်း ရုရှားတပ်မှ ဖျက်ဆီးခဲ့သည့် ယူကရိန်းစစ်တပ် လေယာဉ် ၁၄၀ စီး၊ ရဟတ်ယာဉ် ၁၀၆ စင်း၊ မောင်းသူမဲ့လေယာဉ် ၅၁၂ စီး၊ လေကြောင်းရန် ကာကွယ်ရေးစနစ် ၂၅၄ စုံ၊ တင့်ကားနှင့် သံချပ်ကာယာဉ် ၂၄၂၂ စီး၊ ဘဏ္ဍာဒုံးလောင်ချာ ၂၆၆ လက်၊ အမြောက်နှင့်စိန်ပြောင်း ၁၀၅၁ လက်၊ စစ်ဘက်သုံးအထူးယာဉ် ၂၂၇၄ စီး ရှိပြီဖြစ်ကြောင်း သိရသည်။ |
| | | ယူကရိန်းနှင့် ရုရှားတို့က ဧပြီလ (၂၁) ရက်တွင် ဖမ်းဆီးထိန်းသိမ်းထားသူများကို ထပ်မံလဲလှယ်ခဲ့ရာ ယူကရိန်းစစ်သား ၁၀ ဦးနှင့် အရပ်သား ၉ ဦး အပါအဝင် ယူကရိန်းဘက်မှဖမ်းဆီးခံရသူ ၁၉ ဦးလွတ်မြောက်ခဲ့ကြောင်းနှင့် ၎င်းတို့အနက် ဒဏ်ရာရရှိသူရှိပြီး ၎င်းတို့ကို ဆေးကုသပေးသွားမည်ဖြစ်ကြောင်း Vereshchuk က ဆိုသည်။ ရုရှားမှ အမြောက်ဖြင့် ဆက်တိုက်ပစ်ခတ်မှုကြောင့် မာရီယူပိုးလ်၌ ဖွင့်လှစ်ရန် စီစဉ်ထားသော လူသားချင်း စာနာထောက်ထားမှု လမ်းကြောင်းကို ဖွင့်လှစ်နိုင်ခဲ့ခြင်း မရှိကြောင်း ၎င်းက ပြောကြားခဲ့သည်။ ထို့ပြင် Vereshchuk က Mariupol ရှိ အရပ်သားများနှင့် ဒဏ်ရာရရှိသော စစ်သားများကို ရွှေ့ပြောင်းနိုင်ရန် Azovstal သံမဏိစက်ရုံတွင် အရေးပေါ် လူသားချင်းစာနာထောက်ထားမှု လမ်းကြောင်းဖွင့်လှစ်ခြင်းကို ရုရှားဖက်မှ သဘောတူရန် တိုက်တွန်းခဲ့ကြောင်း သိရသည်။ |
| | | ပေါ်တူဂီနိုင်ငံအနေဖြင့် “လက်နက်ကြီးများ” ပေးပို့ရန်နှင့် ရုရှားနိုင်ငံအား စွမ်းအင်နှင့် ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ခတ်ပိတ်ဆို့မှုများ အားကောင်းစွာ လုပ်ဆောင်ရန် ယူကရိန်းသမ္မတ ဇလန်းစကီးက ပေါ်တူဂီလွှတ်တော်တွင် ဗီဒီယိုလင့်ခ်မှတစ်ဆင့် မိန့်ခွန်း ပြောကြားခဲ့သည်။ |
| | | အမေရိကန် လွှတ်တော်အမတ် Ilhan Omar သည် ပါကစ္စတန် ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသသို့ သွားရောက်ခဲ့သည်။ ကက်ရှ်မီးယားအရေးနှင့် ပတ်သက်ပြီး |

| | | |
|---|---|---|
| | | လွှတ်တော်မှာတင်မကပဲ အမေရိကန်အစိုးရအဖွဲ့ကပါ ဆွေးနွေးပြောဆိုရန် လိုအပ်မည်ထင်ကြောင်း Omar က ပြောဆိုခဲ့သည်။ ထို့ကြောင့် အမေရိကန်အစိုးရအနေဖြင့် ကက်ရှ်မီးယားဒေသ အခြေနေများကို ပိုအာရုံစိုက်သင့်ကြောင်း အိန္ဒိယဘက်က ထုတ်ပြန်ပြောဆိုခဲ့သည်။ |
| | | အာဖဂန်နစ်စတန်နိုင်ငံမြောက်ပိုင်း Balkh ပြည်နယ် မြို့တော် Mazar-e-Sharif ရှိ ရှီယာဗလီ ဝတ်ကျောင်းတွင် နေ့ခင်းပိုင်းဝတ်ပြုဆုတောင်းနေချိန်တွင်း ဗုံးပေါက်ကွဲမှုကြောင့် ၁၇ ဦးထက်မနည်း သေဆုံးခဲ့ရပြီး ၅၂ ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ တာလီဘန်အာဏာပိုင်များက ပြောဆိုသည်။ ယင်းတိုက်ခိုက်မှုကို အိုင်အက်စ် စစ်သွေးကြွအဖွဲ့ IS-Khorasan က ၎င်းတို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြောဆိုထားသည်။ |
| | | ယူကရိန်းနိုင်ငံအတွက် အမေရိကန်က ကာကွယ်ရေးအကူအညီအဖြစ် နောက်ထပ် ဒေါ်လာသန်း ၈၀၀ ပေးအပ်ဖို့ သမ္မတ Joe Biden ခွင့်ပြုခဲ့သည်။ ယင်း ထောက်ပံ့မှုသည် ယူကရိန်း အရှေ့ပိုင်း Donbas ဒေသအတွက် အဓိက ရည်ရွယ်ထားကြောင်း သိရသည်။ |
| | | ပိုလန်ကာကွယ်ရေးဝန်ကြီး Mariusz Blaszczak ၏ အမေရိကန်ခရီးစဉ်အတွင်း ပိုလန်နိုင်ငံကာကွယ်ရေးစွမ်းရည် တိုးမြှင့်မည့်အစီအစဉ်များကို အလေးထားပြောကြားခဲ့သည်။ ပိုလန်ကာကွယ်ရေးဝန်ကြီးနှင့် အမေရိကန် ကာကွယ်ရေးဝန်ကြီး Lloyd Austin တို့သည် ပင်တဂွန်စစ်ဌာနချုပ်တွင် ရုရှား - ယူကရိန်းအရေးနှင့် NATO မဟာမိတ်အဖွဲ့များ၏ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ |
| | | ထိုင်ဝမ်သည် ရန်သူများ၏ လေတပ်စခန်းများကို တိုက်ခိုက်နိုင်ပြီး ခရုစ်ဒုံးကျည်များကို ပစ်ချနိုင်စွမ်းရှိသည့် ဒုံးကျည်များနှင့် သတ်မှတ်ထားသည့် တည်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်နိုင်သည့် ဒရုန်းများကို ထုတ်လုပ်နေသည်ဟု ထိုင်ဝမ်စစ်တပ်၏ လက်နက်ထုတ်လုပ်ရေးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ထိုင်ဝမ်သည် နှစ်စဉ်ထုတ်လုပ်လေ့ရှိသည့် ဒုံးကျည်အရေအတွက်ကို ယခုနှစ်အတွင်း ၅၀၀ နီးပါးအထိ နှစ်ဆကျော်တိုးမြှင့် ထုတ်လုပ်ရန်စီစဉ်ထားသည်ဟု ထိုင်ဝမ်ကာကွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့်လတွင် ပြောကြားခဲ့သည်။ ကီလိုမီတာ ၁၀၀၀ အကွာအဝေးအထိ ရောက်ရှိနိုင်လိမ့်မည်ဟု ကျွမ်းကျင်သူများက ပြောကြားထားသည့် Hsiung Sheng မြေပြင်တိုက်ခိုက်ရေးဒုံးကျည်ကို အမျိုးအစားနှစ်မျိုးဖြင့် ထုတ်လုပ်မည်ဖြစ်သည်။ တစ်မျိုးမှာ ဘန်ကာများနှင့် အခိုင်အမာကာရံထားသည့် ထိန်းချုပ်ရေး စင်တာများကို ပစ်ခတ်မည့် ပေါက်ကွဲအားပြင်းထန်သည့် ဒုံးကျည်ထိပ်ဖူး တပ်ဆင်ထားမည်ဖြစ်သည်။ နောက်တစ်မျိုးမှာ လေယာဉ်ကွင်းများကို ပစ်မှတ်ထား တိုက်ခိုက်ရာတွင် အသုံးပြုမည့် ပဒေသာဖောက်ခွဲရေးထိပ်ဖူးများ တပ်ဆင်မည်ဖြစ်သည်ဟု ယင်းအစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ |
| | | မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က ရာထူးမှထွက်ခွာတော့မည့် တောင်ကိုရီးယားသမ္မတ မွန်းဂျေအင်းကို ကိုရီးယားနှစ်နိုင်ငံဆက်ဆံရေးများ တိုးတက်ကောင်းမွန်စေရန် အားထုတ်ကြိုးပမ်းခဲ့မှုအတွက် ကျေးဇူးတင်ကြောင်း ရေးသားထားသည့်စာတစ်စောင် ပေးပို့ခဲ့သည်ဟု ကိုရီးယားနှစ်နိုင်ငံ အာဏာပိုင်များက ပြောကြားခဲ့သည်။ |
| | | အမေရိကန်က ယူကရိန်းကို ပေးပို့မည့် "တစ္ဆေ" ဒရုန်းများသည် ပစ်မှတ်များကို တိုက်ခိုက်ရန် ပုံစံထုတ်ထားခြင်းဖြစ်ပြီး တစ်ကြိမ်အသုံးပြုပြီးသည်နှင့် ပျက်စီးသွားမည်ဟု ပင်တဂွန်က ထုတ်ဖော်ပြောကြားသည်။ အမေရိကန်လေတပ်က ထုတ်လုပ်သော အဆိုပါဒရုန်းများသည် ယူကရိန်းအတွက် အမေရိကန်၏ နောက်ဆုံး လက်နက်ပံ့ပိုးမှုထဲတွင် |

| | | |
|---|---|---|
| | | ပါဝင်သည်ဟု ပင်တဂွန်က ပြောကြားသည်။ "Phoenix Ghost" ဒရုန်း ၁၂၁ စင်းကို ယူကရိန်းသို့ပို့ပေးသွားမည်ဟု အိမ်ဖြူတော်က ပြောဆိုခဲ့သည်။ ယူကရိန်းတပ်ဖွဲ့များသည် ဒရုန်းများနှင့်အတူ Stinger နှင့် Javelin ဒုံးကျည်များအပါအဝင် အနောက်နိုင်ငံများက ပေးပို့သော လက်နက်များကို အသုံးပြုနေသည်ဆိုသော်လည်း "တစ္ဆေ" ဒရုန်းများသည် ဒွန်းဘက်စ်ဒေသတွင် ဖြစ်ပွားလာမည့် တိုက်ပွဲများအတွက် ကောင်းစွာသင့်လျော်မည်ဟု ပင်တဂွန်က ပြောကြားခဲ့သည်။ |
| ၂၃။ | ၂၃ - ၄ - ၂၀၂၂ | ဆိုမာလီနိုင်ငံမြို့တော်ရှိ လူကြိုက်များသော ကမ်းခြေစားသောက်ဆိုင်တစ်ခု၌ ဧပြီလ (၂၂) ရက် အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ၃ ဦးသေဆုံးခဲ့ပြီး ၈ ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။ ဆိုမာလီလွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးနှင့်အတူ ညနေစာစားရန် စားသောက်ဆိုင်အတွင်းရောက်ရှိနေသော ရဲမင်းကြီးတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကယ်ထုတ်ခဲ့ကြောင်း သိရသည်။ အရှေ့အာဖရိက၌ လှုပ်ရှားနေသော ဆိုမာလီအခြေစိုက် ဂျီဟတ်ဝါဒီအဖွဲ့ဖြစ်သော အယ်လ်ရှာဘတ်သည် မြို့တော်တွင် တိုက်ခိုက်မှုအတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ၎င်းတို့၏ တိုက်ခိုက်ရေးသမားများသည် အစိုးရအကြီးတန်းအရာရှိကြီးများအား ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။ |
| | | အမေရိကန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေး ကိစ္စရပ်များဆိုင်ရာ ဝန်ကြီးအဆင့် ကွန်ဖရင့်ကို ဧပြီလ (၁၉) ရက်နှင့် (၂၀) ရက်တွင် ပနားမားမြို့၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် တက်ရောက်ခဲ့ပြီး လက်တင်အမေရိကတိုက်မှ ကျွမ်းကျင်သူများစွာက အမေရိကန်နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးမူဝါဒများနှင့် ပတ်သက်၍ ပြင်းထန်စွာ ဝေဖန်ခဲ့ကြသည်။ |
| | | နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (IAEA) မှ ကျွမ်းကျင်သူမစ်ရှင်က ယူကရိန်းနိုင်ငံရှိ ချာနိုဘိုင်းနျူကလီးယားစက်ရုံ၏ ဘေးကင်းစိတ်ချရမှုကို အထောက် အကူဖြစ်စေရန် ဧပြီလ (၂၆) ရက်တွင် ယင်းစက်ရုံသို့ သွားရောက်မည်ဖြစ်ကြောင်း ဧပြီလ (၂၂) ရက်၌ ပြောကြားခဲ့သည်။ ချာနိုဘိုင်းစက်ရုံတွင် အရေးပါသော စက်ယန္တရားလွှဲပြောင်းရန်နှင့် ရေဒီယိုသတ္တိကြွဆိုင်ရာနှင့် အခြားအကဲဖြတ်မှုများ လုပ်ဆောင်ရန်" အဆိုပါ မစ်ရှင်အား IAEA ညွှန်ကြားရေးမှူးချုပ် Rafael Mariano Grossi က ဦးဆောင်မည်ဖြစ်ကြောင်း အေဂျင်စီက ထုတ်ပြန်ခဲ့သည်။ ရုရှားစစ်တပ်သည် မတ်လ (၃၁) ရက်၌ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းခြင်းမပြုမီက သီတင်းပတ် ၅ ပတ်ကြာ ချာနိုဘိုင်းစက်ရုံအား ထိန်းချုပ်ထားခဲ့ကြောင်း IAEA ထုတ်ပြန်ချက်အရ သိရသည်။ |
| | | အမေရိကန်နိုင်ငံ မြို့တော်ဝါရှင်တန် အနောက်မြောက်ဘက်ရှိ ရပ်ကွက်တစ်ခုတွင် ဧပြီလ (၂၂) ရက် မွန်းလွဲပိုင်းက သေနတ်ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၄ ဦး ဒဏ်ရာရရှိခဲ့ပြီး သေနတ်သမားက မိမိကိုယ်ကို အဆုံးစီရင်ခဲ့ကြောင်း သိရသည်။ ယခုနှစ်အတွင်း အမေရိကန်တွင် လက်နက်အကြမ်းဖက်မှုကြောင့် လူပေါင်း ၁၃၁၁၅ ဦး သေဆုံးခဲ့ပြီး ၁၀၅၆၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် "Gun Violence Archives" ဝက်ဘ်ဆိုဒ်မှ ဖော်ပြထားသော အချက်အလက်များအရ သိရသည်။ |
| | | ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ဇလန်းစကီးတို့အား ဧပြီလ (၂၆) ရက်နှင့် (၂၈) ရက်တို့တွင် အသီးသီးတွေ့ဆုံမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ ပြောရေးဆိုခွင့်ရှိသူက ဧပြီလ (၂၂) ရက်တွင်ပြောကြားခဲ့သည်။ ဂူတာရက်စ်သည် ဧပြီလ (၂၆) ရက်တွင် မော်စ |

| | | |
|---|---|---|
| | | ကိုမြို့သို့ သွားရောက်မည်ဖြစ်ပြီး ရုရှားနိုင်ငံခြားရေးဝန်ကြီး Sergei Lavrov နှင့် အလုပ်သဘောအစည်းအဝေးနှင့် နေ့လယ်စာစားသုံးမည်ဖြစ်ကြောင်း ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ Stephane Dujarric ကပြောကြားသည်။ ၎င်း၏ ယူကရိန်းခရီးစဉ်အတွင်း တွင်လည်း ဂူတာရက်စ်သည် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး Dmytro Kuleba နှင့် အလုပ်သဘော ဆွေးနွေးမည်ဖြစ်ကြောင်း၊ ယူကရိန်း ပြည်သူများသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ တိုးမြှင့်ပေးအပ်ရန် ကုလသမဂ္ဂအေဂျင်စီမှ ဝန်ထမ်းများနှင့် ဆွေးနွေးသွားရန်ရှိကြောင်း Dujarric က ပြောဆိုသည်။ |
| | | ယူကရိန်းနိုင်ငံ လက်ရှိဖြစ်ပွားနေသည့် အထူးစစ်ဆင်ရေး ဒုတိယအဆင့်အတွင်း ရုရှားစစ်တပ်၏ တာဝန်များအနက်တစ်ခုမှာ "ဒွန်ဘတ်စ်နှင့် ယူကရိန်းတောင်ပိုင်းကို အပြည့်အဝ ထိန်းချုပ်နိုင်ရန်" ဖြစ်ကြောင်း ရုရှားနိုင်ငံ ဗဟိုစစ်ခရိုင်၊ လက်ထောက်ကွပ်ကဲရေးမှူး Rustam Minnekaev က ပြောဆိုသည်။ ဒွန်ဘတ်စ်ကို ထိန်းချုပ်နိုင်ခြင်းသည် ခရိုင်းမီးယားအား ကုန်းတွင်းစင်္ကြံတစ်ခု ဖန်တီးရန်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် သတ္တုဗေဒဆိုင်ရာ ထုတ်ကုန်များအား အခြားနိုင်ငံများသို့ လွှဲပြောင်းထားရာ ပင်လယ်နက်ဆိပ်ကမ်းများ အပါအဝင် ယူကရိန်း၏ အရေးပါသော အဆောက်အအုံများအား လွှမ်းမိုးခြယ်လှယ်နိုင်မည်ဖြစ်ကြောင်း ကာကွယ်ရေးစက်မှုလုပ်ငန်းများ အစည်းအဝေး၌ Minnekaev က ပြောခဲ့သည်။ ယူကရိန်းနိုင်ငံ တောင်ပိုင်းအား ထိန်းချုပ်နိုင်ခြင်းသည် Transnistria သို့ နောက်ထပ်လမ်းကြောင်းတစ်ခု ထပ်မံဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း Minnekaev က ဆိုသည်။ |
| | | ယူကရိန်းနိုင်ငံက မိတ်ဖက်နိုင်ငံများနှင့် လုံခြုံရေးအာမခံချက်များဆိုင်ရာ ဆွေးနွေးမှုများ သီတင်းတစ်ပတ်အတွင်း ပြီးစီးမည်ဟု ယူကရိန်း သမ္မတ အကြံပေး Mykhailo Podolyak က ပြောကြားခဲ့ကြောင်း Interfax-Ukraine သတင်းတွင် ဖော်ပြခဲ့သည်။ ဗြိတိန်၊ အမေရိကန်၊ အီတလီနှင့် တူရကီနိုင်ငံတို့သည် ယူကရိန်းအတွက် လုံခြုံရေးအာမခံချက်များ စနစ်တစ်ခုဖန်တီးရာတွင် ပါဝင်ရန် ဆန္ဒရှိသည်ကို ပြသခဲ့ကြောင်း ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇလန်းစကီးက ဧပြီလ (၁၆) ရက်က ပြောခဲ့သည်။ ထို့ပြင် ပိုလန်၊ ဂျာမနီ၊ ပြင်သစ်နှင့် အစ္စရေး စသည့်နိုင်ငံများမှ ခေါင်းဆောင်များ၏ အကြံပေးများကလည်း ယူကရိန်းနိုင်ငံအတွက် လုံခြုံရေးအာမခံချက်များ စာရင်းကို ဆွေးနွေးရန်အသင့်ရှိကြောင်း ပြောကြားခဲ့သည်။ အာမခံနိုင်ငံများအနေဖြင့် တိုက်ခိုက်မှုအတွက် စစ်ရေးအကူအညီနှင့်အတူ ယူကရိန်းအား ပံ့ပိုးကူညီရေး တာဝန်ဝတ္တရားများကို ထိန်းသိမ်းမည့် လုံခြုံရေးအာမခံချက်များဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်အသစ်ကို လက်မှတ်ရေးထိုးရန် ယခင်လက တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ရုရှားနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ အဆိုပြုခဲ့သည်။ |
| | | ယခင်သီတင်းပတ်က ပင်လယ်နက်အတွင်း ရုရှားနိုင်ငံ၏ မော့စ်ကဗာ (Moskva) စစ်သင်္ဘောကြီး နစ်မြုပ်မှုကြောင့် စစ်သားတစ်ဦး သေဆုံးခဲ့ပြီး အခြားသင်္ဘောဝန်ထမ်း ၂၇ ဦး ပျောက်ဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဧပြီလ (၂၂) ရက်က ထုတ်ပြန်ခဲ့သည်။ |
| | | ယူကရိန်းနိုင်ငံတွင် ရုရှားတပ်များ ဝိုင်းထားသည့် Mariupol မြို့ထဲမှနေ၍ အရပ်သားများကို ကယ်ထုတ်ရန် လုပ်ဆောင်ခဲ့သည်။ အမျိုးသမီးများ၊ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများကို မြို့ထဲက ကယ်ထုတ်ရန် ကြိုးစားမည်ဖြစ်ကြောင်း ယူကရိန်း ဒုတိယဝန်ကြီးချုပ် Iryna Vereshchuk က Telegram လူမှုကွန်ရက်တွင် ရေးသားခဲ့သည်။ |

| | | |
|---|---|---|
| | | ရုရှားအနေဖြင့် ယူကရိန်းစစ်ပွဲတွင် နျူကလီးယားလက်နက် အသုံးပြုလာခဲ့မည်ဆိုပါက ပြင်းထန်သည့် နောက်ဆက်တွဲ တုန့်ပြန်မှုများဖြင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး Wendy Sherman က သတိပေးပြောဆိုသည်။ |
| | | ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Antonio Guterres သည် လာမည့် ဧပြီလ (၂၆) ရက်တွင် ရုရှားနိုင်ငံကို သွားရောက်ပြီး၊ ယူကရိန်းစစ်ပွဲ ငြိမ်းချမ်းရေးအတွက် သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း အတွင်းရေးမှူးချုပ်၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ Eri Kaneko က ပြောဆိုခဲ့သည်။ |
| | | ယူကရိန်းကို ဝင်ရောက်တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး ရုရှားနှင့် ဂျပန်အကြား ဆက်ဆံရေး တင်းမာနေချိန်တွင် ရုရှားသည် ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ကျွန်းလေးကျွန်းကို တရားမဝင်သိမ်းယူခဲ့သည်ဟု ဂျပန်က ဆယ်စုနှစ် နှစ်စုနီးပါးအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြောကြားခဲ့သည်။ |
| | | ဆော်လမွန်ကျွန်းနိုင်ငံသည် တရုတ်နှင့် ကာကွယ်ရေးသဘောတူစာချုပ်တစ်ခု ချုပ်ဆိုခဲ့ပြီးနောက် တရုတ်သည် ယင်းကျွန်းပေါ်တွင် အမြဲတမ်းစစ်ရေးတည်ရှိမှုကို ထူထောင်မည်ဆိုပါက ဆိုးရွားသည့် ဂယက်ရိုက်ခတ်မှုများ ဖြစ်လာနိုင်ကြောင်း အမေရိကန်အရာရှိများက သတိပေးခဲ့သည်။ |
| | | ရုရှားနိုင်ငံသည် ယူကရိန်း အရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ နယ်မြေအားလုံးကို ထိန်းချုပ်နိုင်ရေးအတွက် တိုက်ခိုက်သွားမည်ဟု ဧပြီလ (၂၂) ရက်တွင် ပြောကြားခဲ့သည်။ |
| ၂၄။ | ၂၄ - ၄ - ၂၀၂၂ | ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Antonio Guterres သည် ရုရှားသမ္မတ Vladimir Putin၊ နိုင်ငံခြားရေးဝန်ကြီး Sergey Lavrov တို့နှင့် မော်စကိုတွင် တွေ့ဆုံမည်ဖြစ်ကြောင်း ရုရှားအစိုးရ ပြောရေးဆိုခွင့်ရှိသူ Dmitry Peskov က အတည်ပြု ပြောကြားခဲ့သည်။ ထို့နောက် ကုလသမဂ္ဂအတွင်း ရေးမှူးချုပ် သည် ယူကရိန်းကို သွားရောက်ပြီး ယူကရိန်းသမ္မတ Volodymyr Zelenskyy နှင့် နိုင်ငံခြားရေးဝန်ကြီး Dmytro Kuleba တို့နှင့် တွေ့ဆုံမည် ဖြစ်သည်။ |
| | | ဂျပန်၏ ကာကွယ်ရေးစွမ်းရည်ကို သိသိသာသာ တိုးမြှင့်သွားမည်ဖြစ်ပြီး ဂျပန်-အမေရိကန်မဟာမိတ်များ၏ ကာကွယ်ထိန်းသိမ်းရေးပိုင်းတွင် ပိုပြီး ခိုင်မာအားကောင်းစေရန် အမေရိကန်နှင့် နီးနီးကပ်ကပ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး Yoshimasa Hayashi က တိုကျိုမြို့တော် တောင်ဘက်ပိုင်း ပင်လယ်ပြင်အတွင်း ခုတ်မောင်းနေသည့် အမေရိကန် လေယာဉ်တင်သင်္ဘော USS Abraham Lincoln ၏ လေယာဉ်ပြေးလမ်းပေါ်တွင် သတင်းထောက်များကို ပြောဆိုခဲ့သည်။ ဂျပန်နိုင်ငံခြားရေးဝန်ကြီးက ဂျပန်ဆိုင်ရာ အမေရိကန်သံအမတ်ကြီး Rahm Emanuel နှင့် အတူ အမေရိကန် လေယာဉ်တင်သင်္ဘောပေါ်သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။ |
| | | အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Antony Blinken နှင့် ကာကွယ်ရေးဝန်ကြီး Lloyd Austin တို့သည် Kyiv ကို လာရောက်မည်ဖြစ်ကြောင်း ယူကရိန်းသမ္မတ Volodymyr Zelenskyy က သတင်းထောက်များကို ပြောဆိုခဲ့သည်။ |
| ၂၅။ | ၂၅ - ၄ - ၂၀၂၂ | အမေရိကန်သမ္မတ Joe Biden သည် အစ္စရေးလ်ဝန်ကြီးချုပ် Naftali Bennett နှင့် တယ်လီဖုန်းဆက်သွယ်ကာ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပြဿနာများကို ဆွေးနွေးခဲ့ပြီး အစ္စရေးလ်ကို လာရောက်လည်ပတ်ရန် အစ္စရေးလ်ဝန်ကြီးချုပ်၏ ဖိတ်ကြားချက်ကို လက်ခံခဲ့သည်။ ခေါင်းဆောင် ၂ ဦးသည် အီရန်နှင့် ၎င်းအဖွဲ့များ၏ ခြိမ်းခြောက်မှုများအပါအဝင် ဒေသတွင်းနှင့် ကမ္ဘာတလွှား လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများအရေးနှင့် |

| | | |
|---|---|---|
| | | ပတ်သက်ပြီး ဆွေးနွေးခဲ့ကြကြောင်း သမ္မတအိမ်ဖြူတော်က ပြောဆိုခဲ့သည်။ သမ္မတ Biden အနေဖြင့် အစ္စရေးလ်၏ ကာကွယ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် ပတ်သက်ပြီး ခိုင်ခိုင်မာမာ ထောက်ခံပံ့ပိုးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ |
| | | ယူကရိန်းသမ္မတ Volodymyr Zelenskyy သည် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး Antony Blinken၊ ကာကွယ်ရေးဝန်ကြီး Lloyd Austin တို့ဖြင့် မြို့တော် kyiv တွင် တွေ့ဆုံခဲ့ချိန်တွင် ရုရှားတပ်များသည် ၎င်းတို့ဝိုင်းထားသည့် ယူကရိန်းတောင်ပိုင်း Mariupol ဆိပ်ကမ်းမြို့ရှိ သံမဏိစက်ရုံအပြင် ယူကရိန်းအရှေ့ပိုင်း ဒေသများကို ဗုံးကြဲ တိုက်ခိုက်ခဲ့သည်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့် ကာကွယ်ရေးဝန်ကြီးတို့သည် ယူကရိန်းသမ္မတနှင့် တွေ့ဆုံခဲ့ပြီး စစ်ရေးအကူအညီပိုမိုပေးရန် ကတိကဝတ် ပြုခဲ့ကြသည်။ |
| | | သီရိလင်္ကာနိုင်ငံတွင် စီးပွားရေးအကျပ်အတည်း ပိုဆိုးရွားလာမှုနှင့်ပတ်သက်၍ ထောင်နှင့်ချီသည့် တက္ကသိုလ် ကျောင်းသားများက ဝန်ကြီးချုပ် မဟိန်ဒါ ရာဂျာပက်ဆာ၏ နေအိမ်ကို ဝိုင်းထားခဲ့ပြီး ၎င်းကို ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ |
| | | လက်ဘနွန်နိုင်ငံဘက်မှ အစ္စရေးတောင်ပိုင်းသို့ ဒုံးကျည်တစ်စင်းပစ်လွှတ်ခဲ့ရာ အစ္စရေးက ချက်ချင်းလက်တုံ့ပြန်ခဲ့သည်ဟု အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ပြောကြားခဲ့သည်။ ဒုံးကျည်ပစ်လိုက်သော နေရာဟု ယူဆရသည့်နေရာကို အမြောက်ကျည်ဆန် တစ်ဒါဇင်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ အခြေခံအဆောက်အအုံများကို ပစ်မှတ်ထား တိုက်ခိုက်ခြင်းဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးတပ်က ထုတ်ပြန်ချက်တွင် ဖော်ပြသည်။ အစ္စရေးသို့ ဒုံးကျည်တစ်စင်း ပစ်ခတ်ခဲ့သည်အကြောင်းကို ဟစ်ဇ်ဘိုလာ နှင့်ဆက်စပ်နေသော မီဒီယာတစ်ခုက သတင်းဖော်ပြခဲ့သည်။ |
| ၂၆။ | ၂၆ - ၄ - ၂၀၂၂ | ဂျာမနီအစိုးရ၏ ရုရှားသံတမန်များကို နှင်ထုတ်ခဲ့သည်ကို လက်စားချေသည့်အနေဖြင့် အရေအတွက်တူ ဂျာမနီသံတမန် ၄၀ ကို မလိုလားအပ်သူများအဖြစ် ရုရှားက နှင်ထုတ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။ ဘာလင်ရှိ ရုရှားသံရုံးအရာရှိ အများအပြားကို မလိုလားအပ်များအဖြစ် ဂျာမဏီအစိုးရက ဧပြီလ (၄) ရက်နေ့ ကြေညာပြီး နှင်ထုတ်ခဲ့သည့်အတွက် ယခုကဲ့သို့ တန်ပြန်လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။ |
| | | ယူကရိန်းကို ရုရှား၏ ဝင်ရောက်ကျူးကျော်မှုအတွင်း ရုရှားဘက်က စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းရှိ၊ မရှိ နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုတွင် ပထမဆုံးအကြိမ်အဖြစ် ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း ICC နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးက ပြောဆိုခဲ့သည်။ |
| | | ရုရှား၏ မတရား ကျူးကျော်တိုက်ခိုက်မှုကို ယူကရိန်းက တွန်းလှန်အနိုင်ရရှိရေးနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် စိန်ခေါ်မှုများအတွက် ယူကရိန်းကို အကူညီပေးရေး ဝိုင်းဝန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း ဂျာမနီနိုင်ငံ၊ Ramstein လေတပ်အခြေစိုက်စခန်းတွင် အမေရိကန်က ဦးဆောင်ကျင်းပခဲ့သည့် ယူကရိန်းလုံခြုံရေး အကူအညီပေးရေးဆိုင်ရာ ညီလာခံတွင် အမေရိကန်ကာကွယ်ရေးဝန်ကြီး Lloyd Austin က ပြောဆိုခဲ့သည်။ ယင်း ညီလာခံကို နိုင်ငံပေါင်း ၄၀ ဖြင့် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ |
| | | မဟာဗျူဟာမြောက် ဆက်ဆံရေး ပိုမိုခိုင်မာ အားကောင်းစေရန် ရည်ရွယ်၍ ဥရောပသမဂ္ဂအကြီးအကဲက နယူးဒေလီသို့ သွားရောက်ခဲ့ရာတွင် အိန္ဒိယ – EU ဥရောပသမဂ္ဂတို့အကြား ကုန်သွယ်ရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ပူးတွဲကောင်စီတစ်ရပ်ကို ထူထောင်ရန် ဥရောပသမဂ္ဂ ဥက္ကဌ Ursula von der Leyen နှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ သဘောတူညီခဲ့သည်။ ထိုခရီးစဉ်အတွင်း ယူကရိန်းကို ရုရှား |

| | | |
|---|---|---|
| | | ၏ ကျူးကျော်မှုသည် အိန္ဒိယ၏ ဒေသတွင်းလုံခြုံမှုကို ခြိမ်းခြောက်နေသည်ဟု ဥရောပ သမဂ္ဂ အကြီးအကဲက သတိပေးခဲ့သည်။ |
| | | စိမ်းလန်းစိုပြေရေးနှင့် ငြိမ်းချမ်းရေးလှုပ်ရှားမှု Green Peace လှုပ်ရှားသူများသည် ရုရှားနိုင်ငံမှ နော်ဝေနိုင်ငံသို့ လောင်စာဆီများ သယ်ဆောင်လာသည့် ရုရှား Ust Luga သင်္ဘောကို ကမ်းမကပ်နိုင်အောင် ပိတ်ဆို့တားဆီးခဲ့သည်။ ရုရှားက ယူကရိန်းကို ကျူးကျော်ခဲ့သည့်အတွက် ကန့်ကွက်သည့်အနေဖြင့် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းအဖွဲ့က ပြောဆိုသည်။ |
| | | မြောက်ကိုရီးယား၏ နျူကလီးယားလက်နက် အစီအစဉ်ကို ပိုမိုခိုင်မာ အားကောင်းလာအောင် လုပ်ဆောင်သွားမည်ဟု စစ်ရေးပြအခမ်းအနား တစ်ခုအတွင်း ခေါင်းဆောင် ကင်ဂျုံအွန်က ကတိပြုပြောဆိုခဲ့သည်ဟု နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။ မြောက်ကိုရီးယား၏ လက်နက်ကိုင်တပ်ဖွဲ့များသည် ခေါင်းဆောင် ကင်ဂျုံအွန် လက်ထက်တွင် အလွန် ကြီးမားပြီး အနိုင်ယူ၍မရသည့် အင်အားကို ရရှိခဲ့သည်ဟု နိုင်ငံပိုင် မီဒီယာ KCNA က ဧပြီလ (၂၄) ရက်တွင် ထုတ်ပြန်ခဲ့သည်။ |
| | | ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံကို လက်နက်များ ထောက်ပံ့နေခြင်းအား ရပ်တန့်ရန် အမေရိကန်နိုင်ငံထံ သံတမန်ရေးရာပေးစာတစ်စောင် ပေးပို့ခဲ့ကြောင်း အမေရိကန်နိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ် Anatoly Antonov က ပြောကြားခဲ့သည်။ ရုရှားနိုင်ငံသံအမတ် Anatoly Antonov က အမေရိကန်နိုင်ငံအနေဖြင့် ယူကရိန်းထံ လက်နက်များ ထောက်ပံ့နေခြင်းသည် လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခအား သံတမန်ရေးရာ ဖြေရှင်းနည်းဖြင့် ရှာဖွေရန် အထောက်အကူ မပြုကြောင်း မှတ်ချက်ပြုခဲ့သည်။ |
| ၂၇။ | ၂၇ - ၄ - ၂၀၂၂ | ဂျာမနီသည် ယူကရိန်းအား “Gepard” လေကြောင်းကာကွယ်ရေးတင့်ကားများ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး Lambrecht က ပြောကြားခဲ့သည်။ ယူကရိန်းအား “Gepard” လေကြောင်းရန်ကာကွယ်ရေး တင့်ကားများ ပေးပို့ပြီး ယူကရိန်းစစ်သည်များအတွက် လေ့ကျင့်ရေးသင်တန်းများပေးမည်ဟု Lambrecht က ပြောကြားခဲ့သည်။ ဂျာမန်မီဒီယာများ၏ ဖော်ပြချက်အရ အဆိုပါတင့်ကားများကို ဂျာမန်စစ်တပ်ကုမ္ပဏီ Krauss-Maffei Wegmann မှ ယူကရိန်းသို့ လွှဲပြောင်းပေးအပ်သွား မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိ ယင်းကုမ္ပဏီတွင် ဂျာမနီဖက်ဒရယ် ကာကွယ်ရေးတပ် အသုံးပြုခဲ့သည့် “Gepard” လေကြောင်းရန်ကာကွယ်ရေးတင့်ကား အစီးရေ ၅၀ ခန့်ရှိကြောင်း သိရသည်။ |
| | | ရုရှားအနေဖြင့် ယူကရိန်းနှင့် စေ့စပ်ဆွေးနွေးရန် ငြင်းပယ်မည်မဟုတ်ကြောင်းနှင့် သံတမန်ရေးနည်းလမ်းဖြင့် သဘောတူညီချက်ရရှိရေး မျှော်လင့်ကြောင်း ရုရှားသမ္မတ ပူတင်က ဧပြီလ (၂၆) ရက်တွင် မော်စကိုသို့ လာရောက်လည်ပတ်သည့် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဂူတာရက်စ်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ ကရင်မလင်နန်းတော် ဝက်ဘ်ဆိုက်၏ သတင်းများအရ ပူတင်နှင့် ဂူတာရက်စ်သည် ရုရှားဆောင်ရွက်နေသည့် အထူးစစ်ရေးလှုပ်ရှားမှုနှင့် ယူကရိန်းအခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ ပူတင်က ရုရှားအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် ကုလသမဂ္ဂအား အစဉ်အမြဲ ထောက်ခံအားပေးကြောင်း၊ ကုလသမဂ္ဂ အခြေပြုသည့် မူဝါဒများကို အစွမ်းကုန်ထောက်ခံခဲ့ရာ အနာဂတ်တွင်လည်း ပြောင်းလဲမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ |
| | | ပါကစ္စတန်နိုင်ငံ တောင်ပိုင်း ကရာချိမြို့တွင် ဗင်ကားတစ်စီးအတွင်း အသေခံဗုံး ဖောက် |

| | | |
|---|---|---|
| | | ခွဲတိုက်ခိုက်မှုကြောင့် တရုတ်နိုင်ငံသား ၃ ဦးနှင့် ဒေသခံ ကားမောင်းသမားတို့ သေဆုံးကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောဆိုခဲ့သည်။ သေဆုံးခဲ့ရသူများသည် ကရာချိမြို့ရှိ ကွန်ဖြူးရှပ်အင်စတီကျူသို့ သွားရောက်ခဲ့ချိန် အဝင်ဂိတ်အရောက်တွင် ၎င်းတို့ စီးနင်းလာသည့် ဗင်ကား ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ အကြီးတန်း တာဝန်ရှိသူများက သတင်းထောက်များကို ပြောဆိုခဲ့သည်။ |
| | | ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံ အနေဖြင့် ဗီတိုအာဏာအသုံးပြုမှုတွင် ပိုပြီးတာဝန်ယူတာဝန်ခံကြရန်အတွက် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက ဆုံးဖြတ်ခဲ့သည်။ ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဆုံးဖြတ်ချက်မူကြမ်းကို မဲမခွဲဘဲ အများဆန္ဒသဘောထား ခံယူပြီး ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ယင်း ဆုံးဖြတ်ချက်ကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ၅ နိုင်ငံအတွင်းမှ ဗီတိုအာဏာကို အသုံးပြုမည်ဆိုပါက ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံကို အထွေထွေညီလာခံ သဘာပတိ က အစည်းအဝေးဆင့်ခေါ်ရမည် ဖြစ်သည်။ |
| | | ရုရှားအစိုးရ ရှယ်ယာအများစုပိုင်ဆိုင်ထားသည့် Gazprom စွမ်းအင်ကုမ္ပဏီက ပိုလန်နှင့် ဘူလ်ဂေးရီးယားနိုင်ငံများကို ဓာတ်ငွေ့ပို့နေမှုများကို ရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ ရုရှားဆီစွမ်းအင်ကို အများအားဖြင့် မှီခိုနေရသည့် ဥရောပတိုက်ရှိ နိုင်ငံအများအပြားအနေဖြင့် သဘာဝဓာတ်ငွေ့အတွက် ပေးချေရမည့်ငွေကို ရုရှား ရူဘယ်လ်ငွေဖြင့်သာပေးချေရန် ရုရှားအစိုးရက တောင်းဆိုထားသည်။ ပိုလန်နှင့် ဘူဂလ်ဂေးရီးယား နိုင်ငံများက ယင်းကဲ့သို့ ငွေပေးချေခြင်းမျိုး မလုပ်သည့်အတွက် ဓာတ်ငွေ့ပို့မှုကို ရပ်ဆိုင်းလိုက်ရခြင်းဖြစ်ကြောင်း Gazprom ကုမ္ပဏီက ပြောဆိုသည်။ Gazprom ၏ လုပ်ရပ်သည် ကန်ထရိုက်စာချုပ်ပါ သဘောတူညီချက်များကို ချိုးဖောက်ရာကျကြောင်း ပိုလန်နှင့် ဘူလ်ဂေးရီးယား တာဝန်ရှိသူများက ပြောဆိုထား သည်။ |
| | | ယူကရိန်း၏ ကံကြမ္မာသည် သတိထားရမည့် အခြေအနေတွင် တည်ရှိနေကာ ၎င်း၏ မဟာမိတ်များအနေဖြင့် ကာလကြာရှည် ကူညီထောက်ပံ့ပေးရမည်ဖြစ်ကြောင်း ဗြိတိန်က ပြောဆိုသည်။ ယူကရိန်းကို ကူညီပေးရန်အတွက် တင့်ကားများနှင့် လေယာဉ်များ အပါအဝင် စစ်ဘက်ဆိုင်ရာထုတ် လုပ်မှုများကို အရှိန်မြှင့် လုပ်ဆောင်နေကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး လစ်ဇ်ထရပ်စ်က ပြောကြားခဲ့သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်ကလည်း ယူကရိန်းသည် မှန်ကန်သည့် လက်နက်များ ရရှိမည်ဆိုပါက ရုရှားကို ခုခံတိုက်ခိုက်နေသည့် စစ်ပွဲတွင် အနိုင်ရနိုင်ကြောင်း ပြောကြားခဲ့သည်။ |
| | | ယူကရိန်းပဋိပက္ခကို အဆုံးသတ်ရန် ဆွေးနွေးညှိနှိုင်းမှုများအတွက် ၎င်းတွင် မျှော်လင့်ချက်ရှိ နေသေးကြောင်း ရုရှားသမ္မတ ဗလာဒီမာ ပူတင်က ရုရှားသို့ ရောက်ရှိ လာသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်နှင့် တွေ့ဆုံချိန်တွင် ပြောကြားခဲ့သည်။ |
| | | ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ အမေရိကန်၏ကောင်စစ်ဝန်ရုံးသည် မြန်မာနိုင်ငံရှိ လက်နက်ကိုင်များအား လက်နက်များ ထောက်ပံ့ပေးရေးအပါအဝင် စစ်ရေးအရ အသုံးချနေသည်ဆိုသည့် ထိုင်းပြည်တွင်းအဖွဲ့တစ်ဖွဲ့၏ စွပ်စွဲချက်များကို အမေရိကန် အစိုးရက ငြင်းဆိုခဲ့သည်။ "Peopole of Thailand" အမည်ရှိ ယင်းအဖွဲ့၏ စွပ်စွဲချက်များမှာ မှန်ကန်မှုမရှိကြောင်း ဘန်ကောက်မြို့တော်ရှိ အမေရိကန်သံရုံး၏ ပြောရေးဆိုခွင့်ရှိသူ နစ်ကိုးလ်ဖောက်စ်က ပြောကြားခဲ့သည်။ |

| | | |
|---|---|---|
| | | နယ်သာလန်နိုင်ငံက ယူကရိန်းကို Panzerhaubitze 2000 အမျိုးအစား ကျည်ကာ ဟောင်ဝစ်ဇာ အမြောက်များကို အကန့်အသတ်ဖြင့် ထောက်ပံ့ပေးသွားမည်ဟု ပြောဆိုခဲ့သည်။ |
| | | ကမ္ဘာ့အကြီးဆုံး ဒရုန်းထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သည့် တရုတ်၏ DJI ကုမ္ပဏီသည် ယူကရိန်းနှင့် ရုရှားတွင် လည်ပတ်နေသည့် စီးပွားရေးလုပ်ငန်းများအားလုံးကို ဆိုင်းငံ့သွားမည်ဟု ပြောကြားခဲ့ပြီး ယင်းသည် ယူကရိန်းကို ရုရှားက ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း တရုတ်ကုမ္ပဏီတစ်ခု၏ မကြုံစဖူး လူသိရှင်ကြား လုပ်ဆောင်ချက် တစ်ခုဖြစ်ခဲ့သည်။ ရုရှားသည် ယူကရိန်းပဋိပက္ခနှင့်ပတ်သက်ပြီး ပိတ်ဆို့မှုများစွာ ချမှတ်ခံခဲ့ရကာ အနောက်နိုင်ငံများမှ ကြီးမားသည့် စီးပွားရေးလုပ်ငန်းများသည်လည်း ရုရှားမှ ထွက်ခွာခဲ့ကြသည်။ |
| | | ကုလသမဂ္ဂတွင် မြောက်ကိုရီးယားအပေါ် ပိတ်ဆို့မှုများတင်းကျပ်ရန် ကြိုးပမ်းနေသည့်တိုင် မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများပြုလုပ်ရန် ကတိကဝတ်အတိုင်း ဆက်ရှိနေဆဲဖြစ်သည်ဟု အမေရိကန်က ဧပြီလ (၂၆) ရက်တွင် ပြောကြားခဲ့သည်။ |
| ၂၈။ | ၂၈ - ၄ - ၂၀၂၂ | ကုလသမဂ္ဂ၏ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (UNWTO) အဖွဲ့ဝင် အဖြစ်ကနေ၍ ရုရှားကို ဆိုင်းငံ့ထားလိုက်ပြီဖြစ်ကြောင်း UNWTO အတွင်းရေးမှူးချုပ် Zurab Pololikashvili က ပြောဆိုသည်။ ယင်းအဖွဲ့မှ ထုတ်ပယ်ရန် စပိန်၊ ဂျပန်၊ ပိုလန်နှင့် ပြင်သစ်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း ၂၂ နိုင်ငံက မတ်လအတွင်းတွင် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ အဖွဲ့ဝင် ၁၅၉ နိုင်ငံရှိသည့်အနက် နိုင်ငံအများစုသည် ရုရှားကို ထုတ်ပယ်ထားရှိမည့် အဆိုကို ထောက်ခံခဲ့ကြကြောင်း သိရသည်။ မည်သည့်နိုင်ငံများက ထောက်ခံမှုပြုခဲ့သည်ကို အတိအလင်း ပြောဆိုထားခြင်း မရှိပေ။ မဲခွဲဆုံးဖြတ်မှု မပြုခင်ကတည်းကပင် ရုရှားသည် UNWTO အဖွဲ့ဝင်အဖြစ်ကပါ နုတ်ထွက်ကြောင်း ကြေညာခဲ့သည်။ |
| | | အမေရိကန်သမ္မတ Joe Biden သည့် ရှေ့လအတွင်းတွင် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို သွားရောက်ရန်ရှိပြီး စီးပွားရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမည် ဖြစ်သည်။ မေလ (၂၀) ရက်မှ (၂၄) ရက်နေ့အထိ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ တောင်ကိုရီးယားသမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားပြီး မေလ (၁၀) ရက်တွင် သမ္မတသစ်အဖြစ် စပြီးတာဝန်ယူမည့် Yoon Seok-yeol နှင့် တွေ့ဆုံမည်ဖြစ်ကြောင်းနှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် Fumio Kishida ဖြင့် တွေ့ဆုံမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှာ ရှိနေစဉ်အတွင်း Quad လေးနိုင်ငံက ခေါင်းဆောင်များဖြင့်လည်း ဆွေးနွေးမှုများ လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။ |
| | | ရုရှားနိုင်ငံက ဓာတ်ငွေ့တင်ပို့မှု ရပ်ဆိုင်းလိုက်ခြင်းကို ရင်ဆိုင်ရန် အသင့်ရှိကြောင်း ဥရောပကော်မရှင် ဥက္ကဋ္ဌ Ursula von der Leyen က ဧပြီလ (၂၇) ရက်တွင် ပြောကြားခဲ့သည်။ ရုရှားဓာတ်ငွေ့ပေးပို့ရေး Gazprom က အီးယူအဖွဲ့ဝင် နှစ်နိုင်ငံဖြစ်သော ပိုလန်နိုင်ငံနှင့် ဘူလ်ဂေးရီးယားနိုင်ငံက "ရူဘယ်လ်ငွေဖြင့် ပေးချေရန် ပျက်ကွက်မှု" ကြောင့် ဓာတ်ငွေ့တင်ပို့ခြင်းများကို အပြည့်အဝရပ်ဆိုင်းကြောင်း ဧပြီလ (၂၇) ရက် အစောပိုင်းတွင် ကြေညာခဲ့သည်။ Gazprom ၏ ကြေညာချက်ကို တုံ့ပြန်သော ထုတ်ပြန်ချက်တွင် von der Leyen က ရုရှား-ယူကရိန်း ပဋိပက္ခအခြေအနေတွင် "ရုရှားက ဓာတ်ငွေ့ကို ခြိမ်းခြောက်အကျပ်ကိုင်မှုအဖြစ် အသုံးပြုရန် နောက်ထပ်ကြိုးပမ်းမှု တစ်ခုဖြစ်ကြောင်း" ပြောကြားခဲ့သည်။ |
| | | ယူကရိန်း အထူးစစ်ရေးလှုပ်ရှားမှုကို ပြင်ပမှ စွက်ဖက်ရန် ကြိုးပမ်းပြီး ရုရှားအတွက် |

| | | |
|---|---|---|
| | | လက်မခံနိုင်စရာ မဟာဗျူဟာခြိမ်းခြောက်မှု ဖြစ်လာမည်ဆိုပါက ရုရှားအနေဖြင့် လျှပ်တစ်ပြက် လျင်မြန်စွာ တုံ့ပြန်တိုက်ခိုက်သွားမည်ဟု ရုရှားသမ္မတ ပူတင်က ပြောကြားခဲ့ကြောင်း ကရင်မလင်နန်းတော်ဝက်ဘ်ဆိုက်၏ သတင်းများအရ သိရသည်။ ရုရှားတွင် အခြားသူများမရှိသည့် တုံ့ပြန်တိုက်ခိုက်မှုနည်းလမ်းများကို ပိုင်ဆိုင်ထားပြီး လိုအပ်သည့်အချိန်တွင် ၎င်းတို့ကိုအသုံးပြုသွားမည်ဟု ပူတင်က ဥပဒေပြုကောင်စီ အစည်းအဝေးတွင် ပြောကြားခဲ့သည်။ |
| ၂၉။ | ၂၉ - ၄ - ၂၀၂၂ | ပိုလန်နိုင်ငံ အစိုးရသည် ယူကရိန်းနိုင်ငံသို့ ဆိုဗီယက်ခေတ်ထုတ် T-72 ပင်မတိုက်ပွဲဝင်တင့်ကားများ၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်နှင့် မောင်းသူမဲ့လေယာဉ်များ ပေးပို့ခဲ့ကြောင်း ပိုလန်လုံခြုံရေးအေဂျင်စီ အကြီးအကဲ Pawel Soloch က ပြောကြားခဲ့သည်။ Soloch က တိကျသော ကိန်းဂဏန်းကို ထုတ်ဖော်ပြောဆိုခဲ့ခြင်း မရှိခဲ့သော်လည်း ပိုလန်မီဒီယာများ၏ သတင်းဖော်ပြချက်အရ ပိုလန်က ယူကရိန်းသို့ တင့်ကားအစီး ၂၀၀ ကျော် လွှဲပြောင်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ပိုလန်သည် ယူကရိန်းသို့ ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံတန်ကြေးရှိ စစ်ဘက်ဆိုင်ရာ အကူအညီများ ပေးပို့ခဲ့ကြောင်း ပိုလန်သမ္မတ Andrzej Duda က ယခုသတင်းပတ်အစောပိုင်းတွင် ပြောကြားခဲ့သည်။ လက်ရှိတွင် ပိုလန်နိုင်ငံ၌ တပ်စွဲထားသည့် အမေရိကန်စစ်သည် ၁၀၀၀၀ ခန့်ရှိကြောင်း Soloch က ပြောဆိုသည်။ |
| | | ကနေဒါနိုင်ငံအစိုးရက မကြာမီ ယူကရိန်းနိုင်ငံ၌ သံရုံးပြန်လည်ဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး Melanie Joly က ပြည်ပရေးရာနှင့် နိုင်ငံတကာကုန်သွယ်ရေး ဆီးနိတ်ကော်မတီမတိုင်မီ ပြောကြားခဲ့သည်ဟု CTV သတင်းဖော်ပြချက်အရ သိရသည်။ |
| ၃၀။ | ၃၀ - ၄ - ၂၀၂၂ | ရုရှားနိုင်ငံက လက်တုံ့ပြန်သောအားဖြင့် အိုက်စ်လန်းမှ လူပုဂ္ဂိုလ် ၉ ဦး၊ ဂရင်းလန်းမှ ၃ ဦး၊ Faroe Islands မှ ၃ ဦးနှင့် နော်ဝေမှ ၁၆ ဦးတို့အား ပြည်ဝင်ခွင့်ပိတ်လိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီလ (၂၉) ရက် ထုတ်ပြန်ချက်၌ ပြောကြားခဲ့သည်။ အိုင်ယာလန်၊ နော်ဝေ၊ ဂရင်းလန်နှင့် Faroe Islands တို့က ရုရှားနိုင်ငံအပေါ် ဥရောပသမဂ္ဂ၏ ဒဏ်ခတ်ပိတ်ဆို့မှုများ၌ ပါဝင်ခြင်းကို တုံ့ပြန်သောအားဖြင့် ထိုသို့တန်ပြန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဝန်ကြီးဌာနက ပြောဆိုသည်။ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းများ၊ မီဒီယာနှင့် ရုရှားဆန့်ကျင်ရေးလှုံ့ဆော်ပြောဆိုခဲ့ပြီး ရုရှားဆန့်ကျင်ရေး မူဝါဒများ အကောင်အထည်ဖော်ရာတွင် ပါဝင်လျက်ရှိသော ပညာရှင်များအပြင် လူသိများထင်ရှားသောပုဂ္ဂိုလ် အမြောက်အများနှင့် ဆက်သွယ်မှုများကို အပြန်အလှန်ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖြည့်စွက်ဖော်ပြထားသည်။ |
| | | အီကွေဒေါနိုင်ငံ သမ္မတ Guillermo Lasso က ကမ်းရိုးတန်းပြည်နယ်များဖြစ်သည့် Guayas ပြည်နယ်၊ Esmeraldas ပြည်နယ်နှင့် Manabi ပြည်နယ်တို့တွင် မူးယစ်ဆေးဝါး တရားမဝင် ကုန်သွယ်မှု၊ ၎င်းဆက်နွယ်နေသော ဆိုးသွမ်းမှုနှင့် ပြစ်မှုကျူးလွန်မှုများကြောင့် ဧပြီလ (၂၉) ရက်မှစ၍ ရက်ပေါင်း ၆၀ ကြာ အရေးပေါ်အခြေအနေ ကြေညာခဲ့သည်။ Lasso က ၎င်းစီမံချက်အား နိုင်ငံတော်သမ္မတရုံး၊ ပြန်ကြားရေး အထွေထွေအတွင်းရေးမှူးချုပ်ရုံး၏ တရားဝင် အင်တာနက်ချန်နယ်များမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်တွင် ကြေညာခဲ့ခြင်း ဖြစ်သည်။ |
| | | ယူကရိန်းအရှေ့ပိုင်းဒေသမှာ ရုရှားက ထိုးစစ်များ တိုးမြှင့်လာနေချိန်တွင် ယူကရိန်း |

| | | |
|---|---|---|
| | | တပ်ဖွဲ့များနှင့်အတူ တိုက်ခိုက်ပေးနေသည့် အမေရိကန်နိုင်ငံသား အသက် ၂၂ နှစ်အရွယ် မရိန်းတပ်သားဟောင်း Willy Joseph Cancel သေဆုံးသွားသည့်အတွက် ဝမ်းနည်းကြေကွဲရကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနက သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။ |
| | | ယူကရိန်းသမ္မတ Volodymyr Zelenskyy ၏ လက်နက်ခဲယမ်းကူညီရန် ပန်ကြားထားမှုကို ငြင်းပယ်ခဲ့ပြီး စစ်ပွဲကို အဆုံးသတ်ကြရန် ယူကရိန်းသမ္မတနှင့် ရုရှားသမ္မတ ဗလာဒီမီယာ ပူတင်တို့ကို တိုက်တွန်းထားကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောဆိုခဲ့သည်။ G20 ထိပ်သီးအစည်းအဝေး၏ လက်ရှိအလှည့်ကျဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံသည် ဘာလီကျွန်းတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိပ်သီးအစည်းအဝေးကို တက်ရောက်ရန် သမ္မတဇလန်းစကီးနှင့် သမ္မတပူတင်ကိုပါ ဖိတ်ကြားထားကြောင်း သိရသည်။ ယူကရိန်းကို ရုရှားက ကျူးကျော်တိုက်ခိုက်နေသည့် အတွက်ကြောင့် အမေရိကန်၊ ဗြိတိန်နှင့် ကနေဒါစသည့် အဖွဲ့ဝင်နိုင်ငံများက သမ္မတပူတင်ကို ထိပ်သီးအစည်းအဝေး မဖိတ်ရန် အင်ဒိုနီးရှားကို တိုက်တွန်းထားသည်။ |
| | | ယူကရိန်းအကျပ်အတည်းကို ဖြေရှင်းရန် အမှန်တကယ် စိတ်ဝင်စားသည်ဆိုလျှင် ယူကရိန်းအား စစ်လက်နက်များ ထောက်ပံ့နေခြင်းကို ရပ်တန့်ရန် အမေရိကန်နှင့် နေတိုးမဟာမိတ်အဖွဲ့ကို ရုရှားနိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းခဲ့သည်ဟု တရုတ် နိုင်ငံပိုင်မီဒီယာက ဖော်ပြခဲ့သည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်ကမူ အထူးစစ်ဆင်ရေးကို အစီအစဉ်အတိုင်း တိတိကျကျ လုပ်ဆောင်နေသည်ဟု တရုတ်နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ယူကရိန်းအား ရုရှား၏ ကျူးကျော်မှုကို ရှုတ်ချရန် တရုတ်အစိုးရက ငြင်းဆန်ခဲ့ပြီး ရုရှားနှင့် ခိုင်မာသော ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ထိန်းသိမ်းခဲ့သည်။ |
| | | ရန်လိုသည့် အင်အားစုများကို တန်ပြန်ရန် ၎င်း၏ နျူကလီးယားလက်နက်ကို ကြိုတင်လက်ဦးမှုရယူပြီး အသုံးပြုသွားမည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအွန်က ထပ်မံသတိပေးခဲ့သည်ဟု KCNA သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ ကင်သည် ဧပြီလ (၂၅) ရက်က မြောက်ကိုရီးယားစစ်တပ်ထူထောင်သည့် နှစ်ပေါင်း ၉၀ ပြည့် အထိမ်းအမှတ် အဖြစ်ပြုလုပ်ခဲ့သည့် စစ်ရေးပြအခမ်းအနားတွင် ပါဝင်ခဲ့သူများ၊ စစ်သားများနှင့်အတူ ဓာတ်ပုံအရိုက်ခံစဉ် ယင်းမှတ်ချက်စကားကို ပြောကြားခဲ့သည်။ မြောက်ကိုရီးယားလက်နက်ကိုင်တပ်ဖွဲ့များ၏ အလုံးစုံသာလွန်မှုကိုထိန်းသိမ်းရန်၊ လိုအပ်ပါက အန္တရာယ်ရှိသည့် ကြိုးပမ်းမှုများနှင့် ခြိမ်းခြောက်သည့် လှုပ်ရှားမှုများ အားလုံးကို တိကျသေချာစွာကြိုတင်ဟန့်တားနိုင်စွမ်း ရှိသင့်ကြောင်း ကင်က ထိပ်သီးစစ်တပ်အရာရှိများကို ပြောကြားခဲ့သည်ဟု KCNA သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ |

**(သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့က ထုတ်ဝေသည်)**

**သေနင်္ဂမဟာဗျူဟာလေ့လာရေးအဖွဲ့**

**TISS – Myanmar**